မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ဩဂုတ်လ ၁၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၉၈)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက် ၊ ၂-၁၀-၂၀၂၆၊ သောကြာနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကျင်းပ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၁

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆



**ဆုပေးအပ်ချီးမြှင့်**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ရဲမှူးကြီးရန်နိုင်ထွန်းကိုယ်စား ဇနီး ဒေါ်ခင်စန်းဝင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

## ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညို အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိနိုင်

နေပြည်တော် အောက်တိုဘာ ၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်လ်နီညိုဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့် တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

မိုး/ဇလ



## တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၁

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ် (Land Depression)၏အရှိန်ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည်။ ထို့ကြောင့် တနင်္သာရီမြို့ရှိ မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့အတွင်း ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သည့်အပြင် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နေရာအချို့တွင်လည်း ရေကျော်ခြင်းများဖြစ်ပွားလျက်ရှိသည်။ ထိုသို့ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့အပါအဝင်

စာမျက်နှာ ၅ သို့ ❖

## မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များကြောင့် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တပ်မတော်မှ စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်

နေပြည်တော် အောက်တိုဘာ ၁

မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေး စခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ပြန်ရန်အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၁၄၇၆ ဦးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ တပ်မတော်(ရေ)မှ တာဝန်ရှိသူများ ဦးဆောင်သည့် စစ်ရေယာဉ် (မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ စစ်ရေယာဉ်

စာမျက်နှာ ၉ သို့ ○



မလေးရှားနိုင်ငံရောက် နေရပ်ပြန် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက လက်ခံကြိုဆိုစဉ်။

၂၀၂၆ ခုနှစ် ၊ အောက်တိုဘာ ၂ ရက် ၊ သောကြာနေ့။

## အပြန်အလှန် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ဖော်ဆောင်လျက်ရှိ

အဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ MGallery Hotel ၌ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

ဖိုရမ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က ပြောကြားရာတွင် "မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အကြား ဆက်ဆံရေးသည် တရုတ်-မြန်မာ နှစ်နိုင်ငံချွေမျိုး ပေါက်ဖော်ချစ်ကြည်ရေး၏ ရှေ့တန်းအခြေခံအုတ်မြစ် (Frontline Foundation of broader China - Myanmar Pauk - Phaw Friendship) ဖြစ်ကြောင်း၊ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် ကီလိုမီတာ ၂၀၀၀ ခန့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်တစ်ခုတည်းသော ပြည်နယ်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှု စုစုပေါင်း၏ ထက်ဝက်ကျော်ကို လွှမ်းမိုးထားကာ နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လျက်ရှိကြောင်း၊ ယခုကျင်းပသည့် အဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်မှတစ်ဆင့် အပြန်အလှန် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေမည့်လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများဖော်ဆောင်ရေး၊ နှစ်နိုင်ငံချွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြှင့်တင်ရေးနှင့် ယူနန်ဖိုရမ်ယန္တရားအောက်မှ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် ဆောင်ရွက်သွားရန် လိုကြောင်း" တိုက်တွန်းပြောကြားခဲ့သည်။

ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် သက်ဆိုင်ရာကဏ္ဍအလိုက်အဖွဲ့လိုက် ဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။ အဖွဲ့လိုက်ဆွေးနွေးမှုများတွင် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ပူးပေါင်းတိုက်ဖျက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်အပြန်အလှန် ချိတ်ဆက်မှုများ မြှင့်တင်ရေး၊ ယူနန်ပြည်နယ်နှင့် လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲရေး၊ စက်မှုနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေးညီအစ်မမြို့များအကြား အနှစ်သာရပြည့်ဝသည့် အပြန်အလှန်လည်ပတ်မှုနှင့် ဖလှယ်ရေး အစီအစဉ်များကို တိုးမြှင့်ဖော်ဆောင်ရေးကိစ္စရပ်များကို အဓိက ဆွေးနွေးခဲ့ကြသည်။

အဖွဲ့လိုက်ဆွေးနွေးမှုများအပြီးတွင် မျက်နှာစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အဖွဲ့ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးပွဲရလဒ်များကို အကျဉ်းချုပ်တင်ပြပြီး မြန်မာဘက်မှ ကိုယ်စားလှယ်ခေါင်းဆောင်ဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တရုတ်ဘက်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ယူနန်ပြည်နယ်ပါတီကော်မတီ အမြဲတမ်း ကော်မတီဝင်တို့သည် ဖိုရမ်ဆိုင်ရာ အစည်းအဝေးမှတ်တမ်း (Agreed Minutes) ကို နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာ - တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကို ၂၀၁၃ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့တွင် အလှည့်ကျကျင်းပလာခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့အကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးနှင့် ဒေသတွင်းချိတ်ဆက်မှု ပိုမိုနက်ရှိုင်းစေရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ပေါင်းစည်းမှု မြှင့်တင်ရေးတို့အပြင် ပူးပေါင်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဖြေရှင်းနိုင်ရန် ကျင်းပလေ့ရှိသည့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များကို ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

**ကျွန်းလှ အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို အောက်တိုဘာ ၁ ရက်က သက်ဆိုင်ရာစုရပ်များ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များကို ဆုံဆို့နှင့်မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ အသက်နှစ်လမှ နှစ်နှစ်အောက်ကလေးများကို ပြင်းထန်တီဘီရောဂါ၊ ဆုံဆို့ရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ် ဆေးများကိုလအလိုက် နှစ်အလိုက် ထိုးနှံတိုက်ကျွေးပေးခဲ့သည်။

အဆိုပါ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို လစဉ် လဆန်း ၁ ရက်မှစ၍ မြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတို့၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## မိတ္ထီလာမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မူလတန်းအဆင့် ပုံပြင်ပြော ပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁**

မိတ္ထီလာမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စာရေးအသင်း အတွင်းရေးမှူး ကဗျာဆရာကြည်သိန်းဇော်က အမှတ်ပေးစည်းကမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများက မိမိတို့နှစ်သက်ရာ ကမ္ဘာ့ဆရာများနေ့နှင့် ပတ်သက်သည့် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲကို ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာစေရန်နှင့် ဗလငါးတန်းဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ကျင်းပခဲ့ရာ မိတ္ထီလာ၊ မလှိုင်မြို့နယ်များရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသားကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(၄၆၉)

၀-၀-၀-၀-၀

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ဆက်လက်ကျင်းပ

**မန္တလေး အောက်တိုဘာ ၁**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ယနေ့နံနက် (၁၀း၀၀)နာရီ တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ရုံး၌ အစီအစဉ်(၉)ရပ်ဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ (၉၈)ဦး စုစုပေါင်း(၁၆၉)ဦး တက်ရောက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၅)ဦးမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း(၆)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ငါန်းဇွန်မြို့နယ်၊ ကိုယ်စားလှယ် အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သူ တင်သွင်းထား သည့် "ဂရန်ရရှိသင့်သူများ ဂရန်ထုတ်ပေးနိုင်ရေးအတွက် လေ့လာ စိစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်ပေးရေး" အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အမည်စာရင်း တင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်(၅)ဦးမှ ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက်အဆိုကို သဘောတူသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌက အဆိုအားအတည်ပြုရန် လွှတ်တော်၏သဘောထား ရယူရာ သဘောတူသည့်အတွက် လွှတ်တော်က အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။ မန္တလေးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို (၁၁း၃၀)နာရီ အချိန်တွင် ရပ်နားကြောင်းနှင့် အစည်းအဝေး (သတ္တမနေ့)ကို အောက်တိုဘာ ၂ရက်နေ့ (သောကြာနေ့) နံနက် (၁၀း၀၀) နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(မန္တလေးနေ့စဉ်-ဈ)**

၀-၀-၀-၀-၀



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကျဆုံးခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား အမှတ်ရ ဂုဏ်ပြုသောအားဖြင့် တစ်မိနစ် ငြိမ်သက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အခမ်းအနားသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သမိုင်းအစဉ်အလာနှင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထမ်းဆောင်ခဲ့သည့် တာဝန်များကို ပြန်လည်အမှတ်ရဂုဏ်ပြုသည့် အခမ်းအနားဖြစ်သကဲ့သို့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ် သတ်မှတ်ရမည့် အခါသမယလည်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး ဟူသည့် ရည်ရွယ်ချက် လုပ်ငန်းစဉ်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နေပြီး နိုင်ငံတကာ ဆက်ဆံရေးကိုလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ ခိုင်မာအောင် တည်ဆောက်နေကြောင်း၊ ထိုသို့ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများကို အားကောင်းအောင်ဆောင်ရွက်ရာတွင် နိုင်ငံဖြတ်ကျော် မှုခင်းများကိုလည်း အလေးထားပြီး ပူးပေါင်းကာကွယ်တားဆီးဖြေရှင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲဗလတံဆိပ်ရရှိသူ ရဲတပ်ကြပ်သန့်ဇင်ဦး ကိုယ်စား ဇနီး ဒေါ်အေးသန္တာထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ယနေ့ခေတ်တွင် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာသည်နှင့်အမျှ Cyber Crime၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ ပိုမိုရှုပ်ထွေးလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ရှုပ်ထွေးမှုများကို ထိရောက်စွာ ကာကွယ်တားဆီးရန်နှင့် အချိန်မီ တုံ့ပြန်နိုင်ရန်အတွက် နည်းပညာကျွမ်းကျင်မှုများ မြှင့်တင်ခြင်း၊ မှုခင်းသတင်း အချက်အလက်များ စုဆောင်းခြင်းနှင့် သုံးသပ်ခြင်း၊ ပြည်တွင်း ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းစေခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း။

အထူးသဖြင့် ယနေ့ဒေသတွင်းနိုင်ငံများနည်းတူ ကြုံတွေ့နေရသည့် နိုင်ငံဖြတ်ကျော်မှုခင်းများသည် နိုင်ငံတစ်ခုတည်းက ဖြေရှင်း၍မရနိုင်သည့် စိန်ခေါ်မှုများဖြစ်လာသည့်အတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုက ပိုမို၍အရေးကြီးလာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့(INTERPOL)ကို ၁၉၅၄ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့သကဲ့သို့ ၁၉၉၈ ခုနှစ်တွင် အာဆီယံရဲအဖွဲ့(ASEANAPOL)ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး နိုင်ငံဖြတ်ကျော်မှုခင်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အွန်လိုင်း လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်လာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို လုံးဝသည်းခံခွင့်လွှတ်၍မရသော ရာဇဝတ်မှုများအဖြစ် သတ်မှတ်၍ Zero Tolerance မူဝါဒဖြင့် နှိမ်နင်းလျက်ရှိကြောင်း၊ အွန်လိုင်းလောင်းကစားမှုများသည် ပြည်သူများ၏ လူမှုစီးပွားဘဝကိုထိခိုက်စေနိုင်ခြင်းကြောင့် အွန်လိုင်းလိမ်လည်မှု နည်းလမ်းများနှင့် အန္တရာယ်များကို ပြည်သူများ သိရှိနားလည်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ ပြစ်မှုကျူးလွန်သူများကို ထိရောက်သည့် အရေးယူမှုများ ပြုလုပ်ကြရန် နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်နေကြောင်း၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို အမြစ်ပြတ်နှိမ်နင်းရေးအတွက် **"အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများ တိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီ"**ကို ၂၀၂၆ ခုနှစ်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင်ပြဋ္ဌာန်းခဲ့ကြောင်း။

မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုလုပ်ငန်းလုပ်ကိုင်သည့်နေရာများ ဖော်ထုတ်အရေးယူ ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့အထိ ၇၆၄၈၆ ဦး ဖမ်းဆီးရမိခဲ့ပြီး ၇၃၂၅၈ ဦးကိုသက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တပ်မတော်နှင့် ပူးပေါင်းပြီး ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့ကစပြီး အွန်လိုင်းလောင်းကစားမှုဖြင့် ကျော်ကြားနေသည့် KK Park အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် ဆက်စပ်သော လူနေအဆောက်အအုံများ အပါအဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ရာနှုန်းပြည့် မိုင်းခွဲဖြိုချဖျက်ဆီးရှင်းလင်းနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်းတွင်ရှိသည့် အဆောက်အအုံ ၇၇ လုံးကိုလည်း ရာနှုန်းပြည့်ဖြိုချဖျက်ဆီးရှင်းလင်းပြီးဖြစ်ကြောင်း၊ ယင်းသည်ရဲတပ်ဖွဲ့အတွက် ကြီးမားသည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ရှုမြင်ပြီး ထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီး



ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ရဲမှူးစောမင်းသိန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ရဲဒုတိယတပ်ကြပ်ရန်ကိုကိုသိန်းလှိုင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၄ သို့ »»

»»» စာမျက်နှာ ၃ မှ

ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးစစ်ဆင်ရေး (၄၁)ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်ထိ ဆောင်ရွက်နေသည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစီမံချက်"Operation 42" ကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံသည် နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(INCB)၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ အမေရိကန်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့(DEA)စသည့်အဖွဲ့များအပြင် အိမ်နီးချင်းနိုင်ငံများ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ထိန်းချုပ်ရေးအဖွဲ့များနှင့်လည်း အနီးကပ် ပူးပေါင်းဆောင်ရွက်သည်များကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် မြန်မာကျပ်ငွေ ၂၂၀၉ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၆၀၃ သန်းကျော်)တန်ဖိုးရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်မှာလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ထိရောက်သည့်အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခု စတုတ္ထအကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)ခုနှစ်သည်လည်း မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းကဏ္ဍ(၄)ရပ်တို့ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး INTERPOL၊ ASEANAPOL တို့နှင့် ပူးပေါင်းပြီး လူကုန်ကူးမှုများ တားဆီးနှိမ်နင်းရေး စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈)ကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၁၄ နိုင်ငံနှင့် နားလည်မှုစာချွန်လွှာ(MoU)များ လက်မှတ်ရေးထိုးပြီး သတင်းအချက်အလက် ဖလှယ်ခြင်းများနှင့် ဥပဒေ၊ နည်းဥပဒေများအရ အရေးယူခြင်းများကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ရဲတပ်ဖွဲ့၏ လုပ်ငန်းများ အောင်မြင်ရန် ပြည်သူများ၏ ယုံကြည်အားကိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရရှိရေးသည် အလွန်အရေးကြီးကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို နားလည်ပြီး တိုင်ကြားမှုနှင့် အကူအညီတောင်းခံမှုများကို မြန်ဆန်၊ မှန်ကန်၊ တာဝန်ယူမှုရှိစွာ ဖြေရှင်းပေးရန်လိုအပ်ကြောင်း၊ ထို့အပြင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးအခြေခံမှုများကို လေးစားလိုက်နာ၍ ပြည်သူ့ယုံကြည်မှု ပိုမိုခိုင်မာလာစေရန် ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ်ကို ဆက်လက်မြှင့်တင် ဆောင်ရွက်ရမည်လည်း ဖြစ်ကြောင်း။

ရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန် ပညာအရည်အချင်း၊ ကျွမ်းကျင်မှု၊ လုပ်ငန်းအတွေ့အကြုံနှင့် စည်းကမ်းတို့ကို စနစ်တကျ မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်လာသည်နှင့်အတူ မှုခင်းပုံစံများ ပြောင်းလဲလာသောကြောင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု ရဲလုပ်ငန်း(Digital Policing)၊ ရဲလုပ်ငန်းသုံးနည်းပညာ (Police Technology)၊ မှုခင်းသိပ္ပံ (Forensic Science)နှင့် ခေတ်မီ စုံစမ်းစစ်ဆေးရေး နည်းပညာများကို ထိရောက်စွာ အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ မှုခင်းသတင်း အချက်အလက်များကို စနစ်တကျ စုဆောင်း၊ သိမ်းဆည်း၊ ခွဲခြမ်းစိတ်ဖြာပြီး အထောက်အထားအခြေပြု စုံစမ်းဖော်ထုတ်မှုများကို မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်မှုများကို အမြဲအလေးထား အသိအမှတ်ပြုကြောင်း၊ ယနေ့အခမ်းအနားမှတစ်ဆင့် မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်နှင့်ကိုယ်အင်္ဂါများ စွန့်လွှတ်ပေးလှူသွားခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်နှင့် ကြိုးပမ်းမှုများကို ဂုဏ်ယူလေးစား အသိအမှတ်ပြု ပါကြောင်းနှင့် လက်ရှိတွင်လည်း တာဝန်များကို စည်းကမ်းရှိရှိ၊ ရဲဝံ့စွာဖြင့် တာဝန်ယူမှုရှိစွာ ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းအားထုတ်မှုများနှင့် စွန့်လွှတ်အနစ်နာခံမှုများကိုလည်း လေးစားစွာ ဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၄၉၄၀ တို့ကို စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်နှင့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ်များ ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်းကိုလည်း အသိပေးလိုကြောင်း။

ထို့အပြင် ရဲတပ်ဖွဲ့ဝင်များ၏ တာဝန်ထမ်းဆောင်မှုများကို အစဉ်အမြဲ နားလည်ပံ့ပိုးပေးကြသည့် မိသားစုဝင်များကိုလည်း ပြည်သူများကိုယ်စား မှတ်တမ်းတင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့ထမ်းဆောင်နေသည့် တာဝန်သည် နိုင်ငံတော်နှင့် ပြည်သူများ၏ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးအတွက် အရေးကြီးသည့် တာဝန်ဖြစ်သည်ကို အမြဲသတိပြုကြရန် လိုကြောင်း၊ ထို့ကြောင့် မိမိတို့၏တာဝန်များကို စည်းကမ်းရှိစွာ၊ တာဝန်ယူမှုရှိစွာနှင့် ဥပဒေနှင့်အညီ ဆက်လက်ထမ်းဆောင်ကြရန် တိုက်တွန်းလိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံးအနေဖြင့် မိသားစုစိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့်စိတ်ဓာတ်များဖြင့် စနစ်တကျ အုပ်ချုပ်ကွပ်ကဲပြီး ပေးအပ်လာသည့် တာဝန်များကို မခိုမကပ်ဘဲ ကျေပွန်စွာ ထမ်းဆောင်သွားကြရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို **"မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်"** ဟူသည့် မျှော်မှန်းချက်များဖြင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရန်၊ ထိုကဲ့သို့ တည်ဆောက်ရာတွင် ခေတ်မီလက်နက်၊ အီလက်ထရောနစ် ဆက်သွယ်ရေး စက်ပစ္စည်းများ၊ လုံခြုံရေးအသုံးအဆောင်များကိုလည်း ခေတ်ကာလနှင့်လျော်ညီအောင် ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ တပ်ဖွဲ့ဝင်တစ်ဦးချင်းစီကလည်း စွမ်းရည်မြင့်မားရေး၊ အရည်အသွေး ပြည့်မီစေရေးတို့အတွက် စဉ်ဆက်မပြတ် လေ့ကျင့်ဖြည့်ဆည်းဆောင်ရွက်သွားကြရန်၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင်လည်း အဂတိကင်းစင်ပြီး ပြည်သူချစ်သည့် စွမ်းရည်ထက်မြက်သည့် ရဲတပ်ဖွဲ့ဖြစ်စေရေး အစဉ်တစိုက် လေ့ကျင့်တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့ အားကိုးအားထားပြုရသည့် စည်းကမ်းကောင်းမွန်သည့် တပ်ဖွဲ့ဝင်များဖြစ်အောင် အလေးထား ဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံ



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ကိုကိုဦး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲကျော်စွာတံဆိပ်ရရှိသူ ဒုတိယရဲမှူးကြီးမျိုးသန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄)ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ်တို့ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခါသမယမှစ၍ ရဲတပ်ဖွဲ့ဝင်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မိမိတို့၏တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း၊ ရဲတပ်ဖွဲ့၏ စည်းကမ်း၊ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်များ ပိုမိုမြင့်မားလာပြီး ပြည်သူများ၏ ယုံကြည်အားကိုးမှုကို ရရှိသည့် ခေတ်မီရဲတပ်ဖွဲ့တစ်ရပ်အဖြစ် ဆက်လက်တိုးတက်ဖွံ့ဖြိုးလာပါစေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရဲသူရတံဆိပ်ရရှိသူ ယာယီရဲမှူးကြီးကျော်သူ၊ ဒုတိယရဲမှူး မြင့်ဇော်နှင့် ရဲမှူးကြီး ရန်နိုင်ထွန်း၊ ရဲဗလတံဆိပ်ရရှိသူ ရဲတပ်ကြပ် သန့်စင်ဦးတို့အား ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ရာ ဆုတံဆိပ်ရရှိကြသူများနှင့် မိသားစုဝင်များက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူ သုံးဦးအား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ် ရရှိသူနှစ်ဦးနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ တစ်ဦးအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ပြုဆုတံဆိပ်ရရှိသူ သုံးဦးအားလည်းကောင်း ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ပြသသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရဲတပ်ဖွဲ့အလိုက် ဂုဏ်ပြု မှတ်တမ်းဓာတ်ပုံများနှင့် တပ်ဖွဲ့အလိုက် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရဲတပ်ဖွဲ့အလိုက် ဂုဏ်ပြုမှတ်တမ်းဓာတ်ပုံများနှင့် တပ်ဖွဲ့အလိုက် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

❖ ရဲတပ်ဖွဲ့၏ လုပ်ငန်းများ အောင်မြင်ရန် ပြည်သူများ၏ ယုံကြည်အားကိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရရှိရေးသည် အလွန်အရေးကြီး

❖ ပြည်သူများ၏ လိုအပ်ချက်များကို နားလည်ပြီး တိုင်ကြားမှုနှင့် အကူအညီတောင်းခံမှုများကို မြန်ဆန်၊ မှန်ကန်၊ တာဝန်ယူမှုရှိစွာ ဖြေရှင်းပေးရန် လိုအပ်

❖ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် လူ့အခွင့်အရေးအခြေခံမှုများကို လေးစားလိုက်နာ၍ ပြည်သူ့ယုံကြည်မှု ပိုမိုခိုင်မာလာစေရန် ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ်ကို ဆက်လက်မြှင့်တင် ဆောင်ရွက်ရမည်လည်းဖြစ်

# (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-1)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ အနုပညာရှင်များ၏ တေးသံသာများ၊ အကအလှများဖြင့် ဂုဏ်ပြုသီဆို ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

**ဂုဏ်ပြုသီဆို ကပြဖျော်ဖြေ**

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးဌာနမှ အနုပညာရှင်များ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် နိုင်ငံကျော် အနုပညာရှင်များက တေးသံသာများ၊ အကအလှများဖြင့် ဂုဏ်ပြုသီဆို ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲအား နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

---

❖ ရှေ့ဖုံးမှ

မြို့နယ် ၅ မြို့နယ်တို့ရှိ အခြေခံပညာကျောင်း ၅၆ ကျောင်းအား စက်တင်ဘာလ ၂၈ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရကြောင်း သိရှိရသည်။

အဆိုပါ ရေကြီးရေလျှံမှုအခြေအနေများကြောင့် ယာယီပိတ်ထားသည့် အခြေခံပညာကျောင်းများမှာ ရေဖြူမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း (၃) ကျောင်း၊ ထားဝယ်မြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း (၂) ကျောင်း၊ အလယ်တန်းကျောင်း (၁) ကျောင်း၊ မူလတန်းနှင့် မူလတန်းလွန်ကျောင်း (၁၂) ကျောင်း၊ လောင်းလုံးမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) (၆) ကျောင်း၊ အလယ်တန်းကျောင်း (၂) ကျောင်း၊ မူလတန်းနှင့် မူလတန်းလွန်ကျောင်း (၁၃) ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း (၂) ကျောင်း၊ ကိုယ်ပိုင်ကျောင်း (၁)ကျောင်း၊ သရက်ချောင်းမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ) (၁)ကျောင်း၊ မူလတန်းနှင့် မူလတန်းလွန်ကျောင်း (၉)ကျောင်းနှင့် ပုလောမြို့နယ်အတွင်း အခြေခံပညာမူလတန်းလွန်ကျောင်း (၁)ကျောင်း စုစုပေါင်း မြို့နယ် ၅ ခုမှ အခြေခံပညာကျောင်း ၅၆ ကျောင်းတို့ ဖြစ်ကြောင်း သိရှိရသည်။

ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ရေပြန်လည်ကျဆင်းသွားသည့် နေရာများရှိ စာသင်ကျောင်းများတွင် ကျောင်းများအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ကျောင်းအတွင်း/အပြင်၌ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့စဉ် တင်ကျန်ခဲ့သည့် နုန်းမြေများဖယ်ရှားခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ စာသင်ခုံများ ပြုပြင်ခြင်း၊ စာသင်ခန်းအတွင်း/အပြင်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ယာယီပိတ်ထားခဲ့ရသည့် ကျောင်းများအနက် စက်တင်ဘာလ ၃၀ ရက်တွင် အခြေခံပညာကျောင်း ၁၄ ကျောင်း၊ ယနေ့တွင် အခြေခံပညာကျောင်း ၄၁ ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း ၅၅ ကျောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိကြောင်းနှင့် ကျန်ရှိသည့် ပုလောမြို့နယ်မှ အခြေခံပညာမူလတန်းလွန်ကျောင်း (ပလောက်နောက်) ကိုလည်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ရေပြန်လည်ကျဆင်းချိန်တွင် သန့်ရှင်းရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀

---

## မြစ်ရေတင်ဖြင့် မိုးစပါး ၁၅၄၄ ဧက စိုက်ပျိုးပြီးဖြစ်

**ညောင်ဦး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ မြစ်ရေတင်ဖြင့် မိုးစပါး ၁၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးရီထံမှ သိရသည်။

ညောင်ဦးမြို့နယ်၌ မိုးစပါး စိုက်ပျိုးခြင်းကို မြစ်ရေတင်စနစ်ဖြင့် မိုးစပါးစိုက်ပျိုးရန် မေလနှင့် ဇွန်လတို့တွင် စတင်ပျိုးထောင်ခဲ့ပြီး ဩဂုတ်လနောက်ဆုံးပတ်မှ စတင်၍ ပျိုးပင်များ လယ်ကွင်းအတွင်း ရွှေ့ပြောင်းစိုက်ပျိုးခဲ့သည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးမျိုးများမှာ ဆင်းသုခ၊ မနောသုခ၊ GW-11၊ အောင်နိုင်တိုး စပါးမျိုးများကို တောင်သူများ စိုက်ပျိုးကြပြီး ပျိုးထောင်ရက် ၂၁ ရက်အကြာတွင် စိုက်ပျိုးမည့် လယ်မြေအတွင်း ရွှေ့ပြောင်းစိုက်ရကြောင်း၊ စပါးတစ်သီးရင့်မှည့်ချိန်အထိ ငါးလကြာမြင့်ကြောင်း မိုးစပါးစိုက်တောင်သူများက ပြောသည်။

ညောင်ဦးမြို့နယ်၌ မိုးစပါး ၁၅၄၄ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ငါ့သရောက်ဆိုလာမြစ်ရေတင်၊ လက်ပံခြေပေါ်ဆိုလာမြစ်ရေတင်၊ သူကောင်းတည်ဆိုလာမြစ်ရေတင်၊ မိုးကောင်းသောက်မှုရင်းစပါး ၁၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀

| ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုအဆင့် အနိုင်၊ အရှုံး | | | | (NGB) |
|---|---|---|---|---|
| အဇာဘိုင်ဂျန် | ၀ | - | ၀ | လက်ချင်စတိန်း |

| ပီဖာအာရှပလား အုပ်စုအဆင့် အနိုင်၊ အရှုံး | | | | (NGB) |
|---|---|---|---|---|
| အင်ဒိုနီးရှား | ၉ | - | ၂ | ဘင်္ဂလားဒေ့ရှ် |
| မလေးရှား | ၆ | - | ၀ | စင်ကာပူ |

| နိုင်ငံတကာ ခြေစမ်းပွဲများ အနိုင်၊ အရှုံး | | | | (NGB) |
|---|---|---|---|---|
| မော်လ်ဒိုက် | ၀ | - | ၆ | လက်ဘနွန် |
| ဥဇဘက်ကစ္စတန် | ၄ | - | ၁ | ဆီးရီးယား |

## အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပွင့်ဖြူ အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် အခွန်ထမ်းလုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးပွဲတွင် ပွင့်ဖြူမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးခိုင်လင်းကိုက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်များ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် အခွန်ပေးသွင်းခြင်း ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ စသည့် အကြောင်းအရာများကို အသေးစိတ်ရှင်းလင်း ဆွေးနွေးပြောကြားကာ အခွန်ထမ်းလုပ်ငန်းရှင်များ သိရှိလိုသော မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(၄၄၅)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

## မီတာခကောက်ခံမှုစနစ်ပြောင်းလဲရေး၊ လျှပ်စစ်မီးရရှိရေး စသည်တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းနှစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မီတာခကောက်ခံမှုစနစ် ပြောင်းလဲရေး၊ လျှပ်စစ်မီးရရှိရေး၊ မြို့ရှောင်လမ်း စီမံကိန်း ဆောင်ရွက်ပေးရေး၊ လမ်းများ အဆင့်မြှင့်တင်ပေးရေး၊ တံတားတည်ဆောက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၂)ခု အတည်ပြုခြင်း တို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လသာမဲဆန္ဒနယ်မှ ဦးလှတင့်၏ **မီတာခကောက်ခံမှုစနစ်အား ပြည်သူများအချိန်နှင့်တစ်ပြေးညီသိသော မီတာခကောက်ခံမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိသော မီတာခ ကောက်ခံမှုစနစ်သည် လျှပ်စစ်ဓာတ်အား သုံးစွဲမှုနှင့် စပ်လျဉ်းသည့် အချက်အလက်များကို မိနစ်ပိုင်း၊ နာရီပိုင်းအလိုက် အချိန်နှင့်တစ်ပြေးညီ အလိုအလျောက် တိုင်းတာထားပြီး လျှပ်စစ်ဓာတ်အား သုံးစွဲသူနှင့် ထိန်းချုပ်ကွပ်ကဲသူတို့က သိရှိနိုင်ရန်နှင့် Online Banking မှ တစ်ဆင့် ဓာတ်အားခပေးချေနိုင်သည်အထိ စီစဉ်ချိတ်ဆက်ထားသောစနစ်တစ်ခု ဖြစ်ပါကြောင်း။

အဆိုပါ အချိန်နှင့်တစ်ပြေးညီ သိသောမီတာခကောက်ခံမှုစနစ်တွင် တပ်ဆင်ရသော မီတာများသည် ရိုးရိုး Analouge နှင့် Digital မီတာများကဲ့သို့ လ၏အဆုံးတွင် မီတာတပ်ဆင်သည့် နေရာတွင် သွားရောက်ဖတ်ရှုရန် မလိုဘဲ၊ သိရှိလိုသည့်အချိန်တွင် Utility ၏ Control Center နှင့် Consumer တို့သည် ချိတ်ဆက်ထားသော Monitoring Display တွင်လည်းကောင်း၊ Web Portal တွင်လည်းကောင်း ချက်ချင်းကြည့်ရှုသိရှိနိုင်သည့် စနစ်ဖြစ်ပါကြောင်း၊ ယင်းစနစ်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများတွင် Hardware အခြေခံအဆောက်အအုံ၊ ဆက်သွယ်ရေးကွန်ရက်၊ ဆော့ဖ်ဝဲလ်နှင့် စနစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ၊ လုံခြုံမှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ လိုအပ်မည် ဖြစ်ပါကြောင်း။

လက်ရှိ လျှပ်စစ်ဓာတ်အား သုံးစွဲသူများအတွက် တပ်ဆင်ပေးထားသော မီတာအရေအတွက် စုစုပေါင်း ၆၉၂၇၀၉၁ လုံးရှိသည့်အနက်၊ AMI မီတာလဲလှယ်တပ်ဆင်ပြီးမီတာ ၁၃၇၃၀၇၅ လုံးဖြစ်ပါ၍ လဲလှယ်ရန် ၅၅၅၄၀၁၆ လုံးကျန်နေပါကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားသုံးစွဲရန် အသစ်လျှောက်ထားသူများ အတွက်လည်း ထပ်မံလိုအပ်ပါမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ AMI မီတာများ တိုးချဲ့တပ်ဆင်မှု၊ Main Server တိုးချဲ့မှု၊ Billing Server နှင့် ဘဏ်ချိတ်ဆက်မှုအတွက် Software & System Infrastructure တိုးချဲ့မှုတို့ကို နှစ်စဉ် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အဆိုပါအခြေခံအဆောက်အအုံများကို အပြည့်အဝတည်ဆောက်အကောင်အထည်ဖော်နိုင်မှသာ လျှင်အချိန်နှင့်တစ်ပြေးညီသိသော မီတာခ ကောက်ခံမှုစနစ်ကို ရောက်ရှိမည် ဖြစ်ပါကြောင်း၊ ယင်းအတွက် ဆောင်ရွက်ရန် အချိန်ကာလနှင့် ဘဏ္ဍာငွေကြေးများစွာ လိုအပ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လောင်းလုံး မဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **လောင်းလုံးမြို့ပေါ် ရပ်ကွက်(၄)ခုနှင့် ဆက်စပ်ကျေးရွာများအား လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်၊ လောင်းလုံး၊ သရက်ချောင်း၊ ရေဖြူမြို့တို့၏ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ကံပေါက်ဒေသတွင် ၂၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ဓာတ်အားပေးစက်များ မောင်းနှင်နိုင်ရန်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ (၁) ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၂ သန်းခန့်ကို ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၃ ကေဗွီ ထားဝယ်-လောင်းလုံး-ဇလွတ် ဓာတ်အားလိုင်း၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ လောင်းလုံးဓာတ်အားခွဲရုံနှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဇလွတ်ဓာတ်အားခွဲရုံတို့အား တည်ဆောက်၍ ကံပေါက်သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံမှ ဓာတ်အားဖြင့် ဓာတ်အားပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၃၀-၉-၂၀၂၅ ရက်တွင် လောင်းလုံးမြို့ပေါ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအတွင်းသို့ အကြမ်းဖက်အဖွဲ့က ဝင်ရောက်၍ ပစ်ခတ်ဖျက်ဆီးမှုများကြောင့် Main Transformer နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီး၍ ဓာတ်အား ပြတ်တောက်ခဲ့ရပါကြောင်း။

လက်ရှိနယ်မြေအခြေအနေအရ ပျက်စီးသွားသည့် ထရန်စဖော်မာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများအား ပြန်လည်ပြုပြင်နိုင်ခြင်း မရှိသေးပါကြောင်း၊ ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်နိုင်ရေး အတွက် လိုအပ်သည့် ရန်ပုံငွေအား တနင်္သာရီတိုင်းဒေသကြီး အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား တောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် နယ်မြေအခြေအနေနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ပြန်လည် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူး မဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်းရောက်ရှိအောင် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က တမူးခရိုင်၊ တမူးမြို့နယ်အတွင်းသို့ မဟာဓာတ်အားစနစ်ဖြင့် ချိတ်ဆက်နိုင်ရန် ၂၃၀ ကေဗွီ ကလေးဓာတ်အားခွဲရုံမှ ၂၃၀ ကေဗွီ ကလေး-တမူးဓာတ်အားလိုင်း မိုင် ၉၀ တည်ဆောက်၍ ၂၃၀ ကေဗွီ တမူးပင်မဓာတ်အားခွဲရုံသို့ ဆက်သွယ်ရမည်ဖြစ်ပြီး အဆိုပါ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းသည် ခမ်းပတ်မြို့အနီးမှ ဖြတ်သန်းသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်ဓာတ်အားပေးစနစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး (မြောက်ပိုင်း)သို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးတို့အတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ၂၃၀ ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်း မိုင် ၉၀ နှင့် ဓာတ်အားခွဲရုံစီမံကိန်းနှင့် တမူးမြို့မှ ၄ မိုင်ခန့်အကွာ တမူး-ကလေး ကားလမ်းမကြီး အရှေ့ဘက်ဘေး တမူးမြို့ အင်ဒိုင်းကျေးရွာအုပ်စု ကွင်းအမှတ် OSS ကွင်းပြင်အတွင်းရှိ ဧက ၁၀၀ အကျယ်အဝန်းရှိမြေတွင် ၂၃၀/၆၆ ကေဗွီ ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရန် လျာထားခဲ့ပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၂၃၀ ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်း မိုင် ၉၀ နှင့် ပင်မဓာတ်အားခွဲရုံ (မြေယာလျော်ကြေး ပေးအပ်နိုင်ရေးနှင့် ခြံစည်းရိုးကာရံခြင်း) လုပ်ငန်းများအတွက် တင်ဒါခေါ်ယူ စိစစ်ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှလည်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သဘောတူညီမှုဖြင့် ၂၃၀/၆၆ ကေဗွီ တမူးပင်မဓာတ်အားခွဲရုံမှ တမူးမြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း (၄)မိုင်နှင့် တမူးမြို့ ဗောဓိကုန်းရပ် မြို့မရပ်ကွက် အကွက်အမှတ် ၆၃ တွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထပ်ဆင့်ဓာတ်အားခွဲရုံ တည်ဆောက်၍ တမူးမြို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လျာထားခဲ့သော်လည်း နယ်မြေဒေသအခြေအနေအရ လျာထားစီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်မှု မရှိသေးပါကြောင်းနှင့် နယ်မြေဒေသ အခြေအနေကောင်းမွန်လာပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်ချို မဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စုသို့ ဓာတ်အားခွဲရုံ (၁)ရုံနှင့် 11 KV အစိုးရ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းပေးရန် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က နောင်ချိုမြို့နယ်ရှိ ကံကြီးကျေးရွာသို့ ၃၃/၁၁ ကေဗွီ ရွှေညောင် ပင်မဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ နောင်ချိုမြို့တွင်းဖီဒါမှ တစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးထားပြီး ၁၁ ကေဗွီဓာတ်အားလိုင်းမှာ ကံကြီးကျေးရွာအထိ ၂၁ မိုင်ခန့် ရှည်လျားပါကြောင်း၊ ကံကြီးကျေးရွာမှ တောင်ရှည်ကျေးရွာအထိ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၃ မိုင်ခန့် ထပ်မံဆွဲရမည်ဖြစ်သဖြင့် စုစုပေါင်း ၁၁ ကေဗွီ ဓာတ်အားလိုင်းမှာ ၃၄ မိုင်ခန့်ရှိမည်ဖြစ်သည့် အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အား ဖြန့်ဖြူးပေးရန် နည်းပညာအရ သင့်လျော်မှုမရှိသည့်အတွက် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၁ ရုံ ထပ်မံတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နောင်ချိုမြို့နယ်၏ တောင်ဘက်ခြမ်းတွင်ရှိသော တောင်ရှည်ကျေးရွာအုပ်စုအတွင်းရှိကျေးရွာများ လျှပ်စစ်မီးရရှိရန် ၃၃ ကေဗွီ ရေလင့်ဓာတ်အားခွဲရုံမှ တောင်ရှည်ကျေးရွာအထိ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၉ မိုင်နှင့် တောင်ရှည်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ ၁ ရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်မှစ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းပြည်ထောင်စုရန်ပုံငွေဖြင့် လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့ပေါ်ရှိ ရပ်ကွက်(၇)ခုနှင့် တပ်နယ်လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအား နေ့စဉ်လျှပ်စစ်မီး (၃)နာရီ ပုံမှန်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က တနိုင်းမြို့အား ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် ၃ လုံးဖြင့် လစဉ်ဌာနဆီခွဲတမ်း ၁၇၅၅ ဂါလန်နှင့် ထပ်မံလိုအပ်သည့် စက်သုံးဆီအား မြို့မီးလင်းရေး ကော်မတီ၏ ထောက်ပံ့မှုဖြင့် ဓာတ်အားသုံးစွဲသူ ၂၃၄၆ ဦးအား တစ်ရက်လျှင် ၃ နာရီဖြင့် နေ့စဉ် ဓာတ်အား ဖြန့်ဖြူးပေးခဲ့ပါကြောင်း။

၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ဒီဇယ်စက်သုံးဆီ ဈေးနှုန်းများ အဆမတန် မြင့်တက်လာခြင်း၊ ဒေသတွင်ဝယ်ယူရန် ခက်ခဲလာခြင်း၊ ဓာတ်အားခများ တိုးမြှင့်ကောက်ခံသော်လည်း စက်သုံးဆီ ထောက်ပံ့ရန် အဆင်မပြေခြင်းတို့ကြောင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့မီးလင်းရေးကော်မတီများပါဝင်သော အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၂၅ ခုနှစ် မေလတွင် မြို့မီးလင်းရေး ကော်မတီအား ဖျက်သိမ်းခဲ့ပြီး ဌာနဒီဇယ်ဆီခွဲတမ်း ၁၇၅၅ ဂါလန်ဖြင့်သာ မောင်းနှင်ဓာတ်အားပေးခဲ့ရပါကြောင်း။

ထို့ပြင် ဒီဇယ် ဓာတ်အားပေးစက် ၃ လုံးရှိသည့်အနက် ၂ လုံးမှာ စက်မောင်းသက်တမ်း ကြာမြင့်လာခြင်းကြောင့် ချို့ယွင်းခဲ့ပြီး မီးစက်ကုမ္ပဏီများမှ ကျွမ်းကျင်သူများကလည်း နယ်မြေအခြေအနေကြောင့် သွားရောက်ပြုပြင်နိုင်မှု မရှိသဖြင့် ကျန်ရှိသည့် ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် ၁ လုံးဖြင့်သာ ဌာနဆီခွဲတမ်း ၁၇၅၅ ဂါလန်ဖြင့် မောင်းနှင်၍ အုပ်စု ၃ စုခွဲကာ အုပ်စု ၁ ခုလျှင် ၁ နာရီ ၁၅ မိနစ်ခန့် အလှည့်ကျ ဓာတ်အား ဖြန့်ဖြူးပေးခဲ့ရပါကြောင်း။

သို့ဖြစ်ပါ၍ တနိုင်းမြို့ပေါ် ရပ်ကွက်များ နေ့စဉ်လျှပ်စစ်မီး ၃ နာရီရရှိရေးအတွက် နယ်မြေအခြေအနေ ကောင်းမွန်ချိန်တွင် ကျွမ်းကျင် ပညာရှင်များအား စေလွှတ်ပြီး ချို့ယွင်းလျက်ရှိသည့် ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက် ၂ လုံးအား ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖျက်သိမ်းခဲ့သော တနိုင်းမြို့မီးလင်းရေးကော်မတီအား ပြန်လည်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **မိုးနဲမြို့ရှောင်လမ်းစီမံကိန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်** စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုးနဲမြို့ရှောင်လမ်း ဖောက်လုပ်ရန် လမ်းကြောင်းအရှည်မှာ ၁၄ မိုင် ၂ ဖာလုံခန့် ရှိပါကြောင်း၊ မိုးနဲမြို့ရှောင်လမ်းဖောက်လုပ်မည်ဆိုပါက လမ်းနယ်အကျယ် သတ်မှတ်ချက်မှာ ပေ ၁၅၀ ဖြစ်ပါသဖြင့် လမ်းနယ်ဧရိယာမှာ ၂၅၉ ဧကခန့်ရှိမည်ဖြစ်ပြီး ယာမြေ ၂၂၅ ဧကနှင့် လယ်မြေ ၃၄ ဧကဖြစ်ပါကြောင်း၊ လမ်းနယ် သတ်မှတ်သိမ်းသွင်းနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ကွင်းဆင်းစစ်ဆေး၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြေယာ သိမ်းဆည်းခြင်းနှင့် မြေယာလျော်ကြေးများ ပေးချေခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ရှောင်လမ်း ဖောက်လုပ်နိုင်ရေး တည်ဆောက်ရမည့် လမ်း/တံတားလုပ်ငန်းများအတွက် ဒီဇိုင်းတိုင်းတာပုံထုတ်ခြင်း၊ စီမံကိန်းတန်ဖိုးတွက်ချက်ခြင်း၊ စီမံကိန်းအသစ်ဆောင်ရွက်ရန် ခွင့်ပြုချက်တင်ပြတောင်းခံခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိုးနဲမြို့တွင်းလမ်းပိုင်း ၁ မိုင် ၄ ဖာလုံကို ကွင်းရှောင်နိုင်ရန် မြို့ရှောင်လမ်းအား ၁၄ မိုင် ၂ ဖာလုံ ဖောက်လုပ်ရမည် ဖြစ်ခြင်း၊ လယ်ယာမြေ ၂၅၉ ဧကအတွက် လယ်ယာမြေ လျော်ကြေးများ ပေးချေရမည်ဖြစ်ခြင်း အစရှိသည့် မြို့ရှောင်လမ်းဖောက်လုပ်မည်ဆိုပါက ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့် ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ ဖောက်လုပ်မည့်ကုန်ကျစရိတ်များ စသည့် အချက်အလက်များအား တွက်ချက်စဉ်းစား သုံးသပ်ပြီးမှ သာလျှင် ဆောင်ရွက်ရမည်ဖြစ်ခြင်းနှင့် လက်ရှိအခြေအနေအရ ယာဉ်သွားလာမှု အတွက် ကောင်းစွာလုံလောက်မှုရှိခြင်းတို့ကြောင့် လတ်တလောတွင် မိုးနဲမြို့ရှောင်လမ်း ဖောက်လုပ်ရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

လက်ပံတန်း မဲဆန္ဒနယ်မှ ဦးကျော်သူရ၏ **လက်ပံတန်း-သာရဝေါသွား မဟာဇျူဟာလမ်းအား ကွန်ကရစ်လမ်းခင်းခြင်း (သို့မဟုတ်) အကြီးစား ပြင်/ထိန်း ပြုလုပ်ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်**စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ပံတန်း-သာရဝေါသွား မဟာဇျူဟာလမ်းသည် လက်ပံတန်းမြို့နှင့် ဧရာဝတီမြစ်ကမ်းပါးရှိ ကျုံလဟာကျေးရွာသို့ ဆက်သွယ်ထားသည့် ၂၀ မိုင် ၂ ဖာလုံအရှည်ရှိသော လက်ပံတန်း-ကျုံလဟာ လမ်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၁၄ မိုင် ၁ ဖာလုံနှင့် ကျောက်ခင်းလမ်း ၄ မိုင် ၃ ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လမ်းအနိမ့်အမြင့် ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ ဖာလုံ၊ လမ်းအောက်ခံမြေပြုပြင်၍ ဒု-အခြေခံလွှာခင်းခြင်း ၄ ဖာလုံ လုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ပျက်စီးမှုဖြစ်ပေါ်နေသော နေရာများအား သွားလာမှုအဆင်ပြေ ချောမွေ့စေရန် လမ်းပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပျက်စီးနေသော လမ်းပိုင်း ၁ မိုင်အား ကျောက်ခင်းလမ်း ခင်းနိုင်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းအား နှစ်အလိုက် အဆင့်ဆင့် တိုးမြှင့်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်း မဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **မက်မန်းမြို့နယ်၌ ဘဏ္ဍာရေးနှစ် (၁)နှစ်လျှင် ကွန်ကရစ်လမ်း (၃) မိုင်မှ (၅) မိုင်ခန့် ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်**စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုင်းပျဉ်း-မက်မန်း လမ်းသည် ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်မှ မက်မန်းခရိုင် မက်မန်းမြို့နယ် အထိ ၆၇ မိုင် ၆ ဖာလုံအရှည်ရှိသော မိုင်းပျဉ်း-မက်မန်းလမ်း၏ လမ်းပိုင်းတွင်ပါဝင်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ မက်မန်းခရိုင် မက်မန်းမြို့နယ် အပိုင်းသည် ၄၆ မိုင် ၇ ဖာလုံ အရှည်ရှိပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၂၅ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၃ ဖာလုံ၊ ကျောက်လမ်း ၆ မိုင် ၆ ဖာလုံနှင့် အမာခံလမ်း ၁၄ မိုင်ရှိပါကြောင်း။

မိုင်းပျဉ်း-မက်မန်း လမ်း၏ မက်မန်းခရိုင် မက်မန်းမြို့နယ် အပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ခင်းခြင်း ၂ ဖာလုံ၊ ကျောက်လမ်းနှင့် အမာခံလမ်းပိုင်းများတွင် ခွဲကျောက်ဖြင့် လမ်းမျက်နှာပြင် ပြုပြင်ခြင်း ၂ မိုင် ၄ ဖာလုံလုပ်ငန်း များဆောင်ရွက်ရန် ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား လမ်းအဆင့် မြှင့်တင်ခြင်းလုပ်ငန်း များ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ နှစ်အလိုက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားသွားမည်ဖြစ် ပါကြောင်း ပြန်လည်ဖြေကြား သည်။

ဘိုကလေး မဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဘိုကလေး-ကြိမ်ချောင်းကြီးလမ်းပိုင်းနှင့် ကြိမ်ချောင်းကြီး-ကဒုံကနီလမ်းပိုင်းတို့အား ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်**စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီ လမ်းသည် ၂၀၀၈ ခုနှစ် နာဂစ် ကာလအပြီး ဖောက်လုပ်ခဲ့သော နာဂစ်လမ်းကွန်ရက် (၁၁)လမ်း အနက်မှ အမှတ်(၅) လမ်းဖြစ်ပြီး လမ်းအရှည် ၄၂ မိုင်ရှိသည့် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲ သောလမ်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏လက်ရှိလမ်းအခြေ အနေမှာ ၂၄ ပေအကျယ် ကတ္တရာ လမ်း ၂ ဖာလုံ၊ ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၅ မိုင်၊ ၁၆ ပေ အကျယ် အမာခံလမ်း ၂၆ မိုင် ၆ ဖာလုံဖြစ်ပြီး ကောင်းမွန်သော အပိုင်း ၆ ဖာလုံ၊ အသင့်အတင့် ကောင်းမွန်သောအပိုင်း ၆ မိုင် ၄ ဖာလုံနှင့် ပျက်စီးမှုများပြားသော အပိုင်း ၃၄ မိုင် ၆ ဖာလုံ ဖြစ်ပါကြောင်း။

အဆိုပါလမ်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ၄ ဖာလုံနှင့် ပျက်စီးနေ သော အမာခံလမ်းအား ပြုပြင်ခြင်း ၁ မိုင် ၁ ဖာလုံ ဆောင်ရွက်သွားမည် ဖြစ်ပြီး ပြည်ထောင်စုပြင်ဆင် ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ကတ္တရာလမ်းပေါက်နှင့် ကျောက် လမ်းပေါက်များ ပြုပြင်ခြင်းအား ဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေး နှစ်တွင် အမာခံလမ်းမှ ကတ္တရာ လမ်းသစ်ခင်းခြင်း ၂ မိုင် လျာထား သွားမည်ဖြစ်ပြီး နှစ်လတ်မူဘောင် ၃ နှစ်စီမံကိန်းတွင်လည်း အမာခံ လမ်းမှ ကတ္တရာလမ်းခင်းခြင်း ၆ မိုင် ၂ ဖာလုံ ဆောင်ရွက်ရန် စီမံကိန်းရေးဆွဲထားပါကြောင်း ပြန်လည်ဖြေကြားသည်။

မကွေး မဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်၏ **မကွေးမြို့နယ် ဂါကြီးကုန်း၊ ယင်းကွေ့ချောင်းနှင့် လက်ပံတို ကျေးရွာများ၏ ကျေးရွာချင်းဆက် လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့် မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာ ရေးနှစ်တွင် ဆောင်ရွက်ပေးမည် ကို သိရှိလိုခြင်း မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မကွေး-တောင်တွင်း ကြီးလမ်းမှ ဂါကြီးကုန်း-ယင်းကွေ့ ချောင်း-လက်ပတို လမ်းသည် ရန်ကုန်-ပြည်-မန္တလေး လမ်းမှ ခွဲထွက်ပြီး ဂါကြီးကုန်းကျေးရွာ၊ လက်ပတိုကျေးရွာ၊ ယင်းကွေ့ ချောင်း ကျေးရွာများအား ဆက်သွယ်ထားသော လမ်းအရှည် ၉ မိုင် ၇ ဖာလုံရှိသော မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲ သည့် လမ်းဖြစ်ပါကြောင်း၊ လက်ရှိ လမ်း၏အခြေအနေမှာ အမာခံ လမ်း ၉ မိုင် ၇ ဖာလုံ ဖြစ်ပါ ကြောင်း။

အဆိုပါလမ်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရာသီမရွေး သွားလာနိုင်သော ကျောက်ခင်း လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် လမ်းအရှည် ၁ မိုင် ၄ ဖာလုံကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ၏ ရန်ပုံငွေတွင် လျာထားဆောင် ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိသော အမာခံ လမ်းပိုင်းကိုလည်း တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေတွင် နှစ်အလိုက်လျာထား သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ကလေး မဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေး-ဂန့်ဂေါလမ်းရှိ ကမ္မားနီသံကူ ကွန်ကရစ်တံတား ဆောက်လက်စ အား ရပ်နားထားခဲ့သဖြင့် မည်သည့် ဘဏ္ဍာနှစ်တွင် ပြန်လည် တည်ဆောက်ပေးမည် ကို သိရှိလိုခြင်း မေးခွန်းနှင့်** စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စစ်ကိုင်းတိုင်း ဒေသကြီး ဂန့်ဂေါ-ကလေးလမ်း မိုင်တိုင် ၅၁ မိုင် ၄ ဖာလုံနှင့် ၅၁ မိုင် ၆ ဖာလုံအကြားရှိ ကမ္မားနီ တံတားအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာ ရေးနှစ်တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာနမှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁-၂၀၂၂ (၆)လ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း ရပ်ဆိုင်းခဲ့ပါကြောင်း၊ ကမ္မားနီ တံတားအသစ်၏ လုပ်ငန်းရပ်နားသည့် အချိန်တွင် တံတားတစ်စင်းလုံး ပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

တံတား တည်ဆောက်ခြင်း လုပ်ငန်း၏ အောက်ခြေအုတ်မြစ် လုပ်ငန်းနှင့် ကိုယ်ထည်လုပ်ငန်း အားလုံး ဆောင်ရွက်ပြီးဖြစ်ပါ ကြောင်း၊ တံတားအပေါ်ထည် လုပ်ငန်းဖြစ်သည့် ကြိုတင် အားဖြည့် သံကူကွန်ကရစ်ယက်မ ၅ လုံး ထုတ်လုပ်ပြီးစီးပြီး ပေ ၃၀ သံကူကွန်ကရစ်ကြမ်းခင်း (၁)ခန်း ဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်ပါ ကြောင်း၊ ကမ္မားနီတံတား ကျန်ရှိ သော တည်ဆောက်ရေးလုပ်ငန်း များအား လတ်တလောပြန်လည် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“အမျိုးသား လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမ အကြိမ်ပြင်ဆင်သည့် ဥပဒေ ကြမ်း”နှင့် “တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေ ကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”**တို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ တင်ပြချက်အတိုင်း လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူ သည့်အတွက် ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့ လွှတ်တော် တတိယပုံမှန်အစည်း အဝေး နဝမနေ့ကို ရပ်နားလိုက် ပြီး အစည်းအဝေး ဒသမနေ့ကို အောက်တိုဘာ ၂ ရက်တွင် ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

## တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြား

နေပြည်တော် အောက်တိုဘာ ၁

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများကို အခြေခံစစ်ပညာနှင့်တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များက လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။



ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်း ဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့၌လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပသည်။

### ပြောကြား

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ သင်တန်းတာဝန်ခံ အရာရှိများ၊ သင်တန်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားကြသည်။

ထို့နောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ် အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်းနှင့် ပထမနှစ် တန်းမြင့်စစ်ပညာသင်တန်းတို့ကို ဖွင့်လှစ်ခဲ့ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်း တင်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးသောင်းရွှေ၏ **ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ဘုရားငါးဆူကျေးရွာအုပ်စု ဘုရားငါးဆူကျေးရွာတွင် တိမ်ကောနေသော ကန်ဦးရေကန်ကြီးအား ပြန်လည်တူးဖော်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကန်ဦးရေကန်သည် ဘုရားငါးဆူကျေးရွာ နယ်နိမိတ်အတွင်း တည်ရှိပြီး ကျေးရွာသောက်သုံးရေကန်မဟုတ်ဘဲ ကြွယ်လုလင်လေးကျေးရွာနှင့် ပင်ကတောကျေးရွာတို့၏ လယ်မြေများအတွက် စိုက်ပျိုးရေရယူအသုံးပြုသည့် ရေကန်ဖြစ်ပါကြောင်း၊ လယ်မြေဧက ၁၂၀ ခန့် အတွက် အကျိုးပြုပြီး ရေနေဧရိယာ ၂ ဒသမ ၃၆ ဧကခန့်နှင့် ရေနေအနက် ပျမ်းမျှပေ ၂၀ ခန့်ဖြစ်ပြီး ချုံနွယ်များ ပိတ်ဆို့နေပါကြောင်း။

အဆိုပါရေကန်ကြောင့် စိုက်ပျိုးရေအပြင် မြေအောက်ရေအောင်းလွှာကို အထောက်အကူဖြစ်စေပြီး အနီးကျေးရွာများမှ တွင်းတိမ်များ၊ လက်တူးတွင်းများမှာ နွေရာသီ ရေပြတ်လပ်ခြင်းမရှိနိုင်ပါသဖြင့် ဒေသခံများအနေဖြင့် နှစ်စဉ်ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်သင့်ပါကြောင်း၊ ရေကန်ဧရိယာအတွင်းရှိနေသည့် ချုံနွယ်နှင့် အမှိုက်သရိုက်များ ဖယ်ရှားနိုင်ရေးအတွက် ကျေးရွာလူထုသို့ အသိပညာပေး ဆွေးနွေးကာ ရှင်းလင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါရေကန်အား ပြုပြင်ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် သန်း ၂၀ ခန့် ရှိမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေဖြင့် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် နန်းခုံကျေးရွာအုပ်စုမှ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု ကျွဲဒပ်ကျေးရွာ ကျောက်ချုပ်ကျေးရွာအုပ်စုအထိ ကုန်စည်စီးဆင်းမှုများ မြန်ဆန်ချောမွေ့စေပြီး အများပြည်သူအကျိုးရှိစေမည့် အကွာအဝေး ၁၃ မိုင် ၂ ဖာလုံခန့်ရှိသော ကုန်စည်ပို့ဆောင်ရေးလမ်းမကြီး ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်သို့ ဆက်သွယ်သော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် လမ်းပိုင်းနှင့်



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ကျင်းပစဉ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းပိုင်း ၂ ခု ပါဝင်ပါကြောင်း။

ရွာငံမြို့နယ် ပဲရင်းတောင် - နန်းခုံ မြေသားလမ်း ၁ မိုင်၊ ၄ ဖာလုံ အပိုင်းမှ ပျက်စီးလျက်ရှိသော ၄ ဖာလုံအား သွားလာမှုအဆင်ပြေစေရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် စတင်ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း၊ သာစည်မြို့နယ်အပိုင်းမှ ပျက်စီးလျက်ရှိသော မြေသားလမ်း ၅ မိုင် ၅ ဖာလုံသည် ပျမ်းမျှအကျယ် ၈ ပေခန့်သာရှိသော လမ်းဖြစ်ပါကြောင်း၊ နယ်မြေကွင်းဆင်းဆောင်ရွက်ပြီးမှသာ တိုင်းဒေသကြီး ရန်ပုံငွေ လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သာစည်မြို့နယ် လမ်းပိုင်းဖြစ်သည့် လည်ခေါင်း - ကြပ်စခန်း လမ်းပိုင်း ၃ မိုင် ၁ ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြေသားလမ်းဖြစ်ပါကြောင်း၊ မိတ္ထီလာ - သာစည် - တောင်ကြီးလမ်းနှင့် ကျေးရွာများသို့ တိုက်ရိုက်ချိတ်ဆက်သော လမ်းဖြစ်ပါကြောင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေး လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ခြင်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြေသားလမ်းပိုင်းမှ ၂ ဖာလုံအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးစောသွင်၏ **မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ လက်ခုတ်ပင်၊ ပင်လယ်သက်၊ စကာ၊ ခံကုန်း၊ ပန်းလွှား၊ တောပုတ်ကုန်း၊ ဘုမ္မနိုးကျေးရွာများရှိ လမ်းအရှည် ၈၀၆၂ ပေရှိပြီး အကျယ် ၁၂ ပေရှိသော ကုန်ထုတ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လက်ခုတ်ပင်ကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရန်အတွက် လက်ရှိလမ်း အကျယ် ၁၂ ပေခန့်သာရှိပါကြောင်း၊ လိုအပ်သော လမ်းအကျယ်ပေ ၃၀ ပြည့်မီစေရန်အတွက် မြေနေရာရရှိရေးကို ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ဂျိုးဇာ အဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် ဌာနဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ရရှိသည့်အချိန်တွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်းနှင့် အသေးစိတ် ခန့်မှန်းခြေ တွက်ချက်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြေနေရာလှူဒါန်းမှု မရရှိသေးခြင်း၊ နယ်မြေကွင်းဆင်းစစ်ဆေးနိုင်မှု မရှိသေးခြင်းတို့ကြောင့် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်စိုးညွန့်၏ **ရန်ကုန်တိုင်းဒေသကြီး ဖောင်ကြီးအရှေ့ကျေးရွာ ရွာလယ်လမ်းမနှင့် ဖောင်ကြီးအနောက်ကျေးရွာ ဈေးပိုင်းလမ်းမကြီးသို့ ဆက်သွယ်ထားသည့်ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ငမိုးရိပ်ချောင်း လူကူးတံတားအစား နှစ်ဖက် မော်တော်ယာဉ် သွားလာနိုင်သော အဆင့်မြင့်ချောင်းကူးတံတားအသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ကျေးရွာ ရွာလယ်လမ်းမနှင့် ဖောင်ကြီးအနောက်ကျေးရွာ ဈေးပိုင်းလမ်းမကြီးသို့ ဆက်သွယ်ထားသည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော Class-A အဆင့် လမ်းပေါ်တွင် တည်ရှိသည့် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ငမိုးရိပ်ချောင်း လူကူးတံတားဖြစ်ပါကြောင်း၊ အရှည် ၂၀၈ ပေ ၊ အကျယ် ၇ ပေ ၊ အမြင့် ၁၈ ပေ ရှိသော ကွန်ကရစ်တိုင် သံပေါင်ရက်မ C Channel ကြမ်းခင်းတံတားဖြစ်ပါကြောင်း။

လှည်းကူး - ဖောင်ကြီးလမ်းမဆီသို့ ဖောင်ကြီးအရှေ့ကျေးရွာ ကွန်ကရစ်လမ်းနှင့် ငမိုးရိပ်ဆည်သို့ သွားသော ကတ္တရာလမ်းမှလည်းကောင်း၊ ဖောင်ကြီးအနောက်ကျေးရွာ ဈေးအဝင် ကွန်ကရစ်လမ်းမှ လည်းကောင်း အဆင်ပြေလွယ်ကူစွာ အချိန်တိုတွင်း သွားလာနိုင်ပါကြောင်း၊ လက်ရှိအချိန်တွင် လူကူးတံတားမှာ ကောင်းမွန်ခိုင်ခံ့နေပြီး ဆက်သွယ်ရေးပြတ်တောက်မှု မရှိသေးသဖြင့် ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးရန် ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်းနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်ကြူနိုင်၏ **တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာ အဝင်လမ်းပေါ်တွင် တည်ရှိသည့် အရှည်ပေ ၁၂၀ ၊ အကျယ် ၁၄ ပေရှိ ယိုယွင်းပျက်စီးနေသော သစ်သားကြမ်းခင်းတံတားအစား ကြံ့ခိုင်မှုရှိသော သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာ အဝင်လမ်းသည် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class (B) အဆင့်လမ်း ဖြစ်ပါကြောင်း။

ကွင်းဆင်းစစ်ဆေးချက်အရ အရှည် ပေ ၁၂၀ ရှိသော သစ်သားကြမ်းခင်းတံတား ဖြစ်ပါကြောင်း၊ ၂၀၀၄ ခုနှစ်တွင် INGO အဖွဲ့ဖြစ်သည့် World Vision မှ ကျေးရွာနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သော တံတားဖြစ်ပါကြောင်း၊ အဆိုပါ သစ်သားကြမ်းခင်းတံတားအား ကျေးရွာမှ ၅ ကြိမ်ခန့် ပြင်ဆင်ထိန်းသိမ်းထားသဖြင့် ယခုအချိန်တွင် သွားလာ၍ အဆင်ပြေလျက်ရှိသော်လည်း ခိုင်ခံ့မှု၊ စိတ်ချရမှု အားနည်းနေကြောင်းတွေ့ရှိရသည့်အတွက် အဆိုပါ တံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်ပေးရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် အလျားပေ ၂၀၀ ရှိ "ထန်းတပင်ကြိုးတံတား" အား ဖိုမိုကြံ့ခိုင်ကျယ်ဝန်းပြီး ဘေးအန္တရာယ်ကင်းရှင်းသော ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးရန် သို့မဟုတ် ပြုပြင်မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ထန်းတပင်ကျေးရွာနှင့် ချောင်းတွင်းကျေးရွာအကြား အင်းချောင်းအားဖြတ်၍ တည်ဆောက်ထားသော တံတားဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ်ခန့်က ဆောင်ရွက်ခဲ့သော ကြိုးတံတားဖြစ်ပြီး ဒေသနှင့်ကိုက်ညီသော တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်းကြိုတင်လေ့လာမှု ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လတ်တလောသွားလာမှုအဆင်ပြေစေရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေမှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ အကျိုးပြုကျေးရွာ စိုက်ဧကတို့အရ လိုအပ်လျက်ရှိသဖြင့် ဘေလီတံတားတည်ဆောက်ရန် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေတွင် လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဦးခိုင်ဝင်းအောင်က ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြပြီး အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို အောက်တိုဘာ ၂ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းအဖွဲ့


စစ်ရေယာဉ်(မုတ္တမ)၌ နေရပ်ပြန်ခရီးသည်များအား Body Check ပြုလုပ်စဉ်။


နေရပ်ပြန်ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးစဉ်။


စစ်ရေယာဉ်(မုတ္တမ)၌ နေရပ်ပြန်ခရီးသည်များအား ညစာကျွေးမွေးစဉ်။


နေရပ်ပြန်ခရီးသည်များအား ရုပ်ရှင်ပြသစဉ်။

○ မလေးရှားနိုင်ငံမှ

(ဆင်ဖြူရှင်)တို့သည် ရန်ကုန်မြို့မှ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ထွက်ခွာ၍ သွားရောက်ခေါ်ဆောင်ခဲ့ရာ မလေးရှားနိုင်ငံ၊ လူမွတ်ဆိပ်ကမ်းသို့ စက်တင်ဘာလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် ရောက်ရှိခဲ့ကြောင်း၊ ပြစ်ဒဏ်ကျခံပြီးသော မြန်မာနိုင်ငံသား ၁၄၇၆ ဦးအား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံး(ကြည်း၊ ရေ၊ လေ) တို့အနေဖြင့် မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၊ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီးနောက်၊ စစ်ရေယာဉ်များသည် စက်တင်ဘာလ ၂၉ ရက်နေ့ ညပိုင်းတွင် မလေးရှားနိုင်ငံ၊ လူမွတ်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ပြန်လည် ထွက်ခွာလာမှုအား သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါမြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုလက်ခံကြပြီး စစ်ရေယာဉ်များပေါ်တွင် စနစ်တကျနေရာချထားပေးခြင်း၊ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ နေ့စဉ်စားသောက်ဖွယ်ရာများ ချက်ပြုတ်ကျွေးမွေးခြင်း၊ စိတ်အပန်းဖြေစေရန် နှစ်သက်ရာ Game များ ကစားကြခြင်းနှင့် ရုပ်ရှင်ဗီဒီယိုဇာတ်ကားများ ပြသခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းလေ့ကျင့်ခန်းများ ပြုလုပ်ကြခြင်း၊ လိုအပ်သည့် အဝတ်အထည်နှင့် တစ်ကိုယ်ရေသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း တို့ကို စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ဆောင်ရွက်ပေးလျက်ရှိပါသည်။

စစ်ရေယာဉ်များသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာ့ရေပြင်ပိုင်နက်သို့ စတင်ချင်းနင်းဝင်ရောက်ချိန်တွင် အမိနိုင်ငံရေမြေနှင့် ကာလအတန်ကြာ ဝေးကွာနေခဲ့ရသော မြန်မာနိုင်ငံသားများကို နိုင်ငံတော် အကြီးအကဲနှင့် တပ်မတော် အကြီးအကဲများက မိရင်းဖသဖွယ် လှိုက်လှဲစွာကြိုဆိုကြောင်းသတင်းစကားပါးမှုအပေါ် သဘောပေါ်တွင် လိုက်ပါလာသော ပြန်လည်ဝင်ရောက်လာသူ မြန်မာနိုင်ငံသားများအနေဖြင့် ဝမ်းမြောက်ဝမ်းသာလက်ခုပ်တီး၍ ပျော်ရွှင်မှုစိတ်ခံစားချက်များကို ဖော်ထုတ်ပြသခဲ့ကြကြောင်း၊ ခေါ်ယူရေးစီမံဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော် အကြီးအကဲ၏ ကြီးမားသော မေတ္တာတရားနှင့် စေတနာပြည့်ဝစွာဖြင့် အဘက်ဘက်က ဆောင်ရွက်ပေးလျက်ရှိသော တာဝန်ရှိသူများ အားလုံးကို အထူးကျေးဇူးတင်လျက်ရှိကြကြောင်းလည်း သိရှိရပါသည်။

အဆိုပါ စစ်ရေယာဉ်များသည် မကြာမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံ၊ ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ မိဘဆွေမျိုးများ၊ မိသားစုများနှင့် အမြန်ဆုံးပြန်လည်တွေ့ဆုံနိုင်ရေးအတွက် ဆိပ်ကမ်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် မိသားစုဝင်များက အသင့်စောင့်ကြို၍ နေရပ်အသီးသီးသို့ ပြန်လည်







ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း၊ မိမိနိုင်ငံအတွင်း၌ပင် မိသားစုများနှင့် အေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် လိုအပ်သည်များ ဆက်လက်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မလေးရှားနိုင်ငံမှ ပြန်လည်ခေါ်ဆောင်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

**အင်တာဗျူး ၁**

ဟိုမှာ အလုပ်သွားလုပ်တာပါ။ ကြာပါပြီ ၁၉၉၉ ခုနှစ်ကတည်းက ရောက်တာပါ။ အကြောင်းအမျိုးမျိုးကြောင့် ပြဿနာတက်ပြီးတော့ ဖမ်းဆီးခံရပြီးတော့ ပြန်လာတာပါ။ တိုင်းရင်းသားတွေ ထောင်ထဲမှာရော ဒီထိန်းသိမ်းရေးစခန်းမှာ လူပေါင်းများစွာလည်း ကျန်ရှိပါသေးတယ်။ ပြန်ခေါ်နိုင်အောင် ကြိုးစားပေးပါလို့။ အမိမြေနဲ့ ခွဲခွာသွားတာလည်းကြာပြီလေ လူတွေက အများကြီးပဲ စိတ်ထိခိုက်တယ်။ ဘာသာစကားမတတ် အင်္ဂလိပ်ဘာသာစကား၊ တရုတ်ဘာသာစကား မတတ်တဲ့အတွက်လည်း လူတွေ ဒုက္ခအမျိုးမျိုးရောက်ရတယ်။ သူများနိုင်ငံသွားရင် သူများဘာသာစကားတတ်မှ သူများနိုင်ငံရဲ့ ယဉ်ကျေးမှုကို လေ့လာမှ မလေးရှား နိုင်ငံသားတွေက ချစ်တာပါ။ ကိုယ့်နိုင်ငံလည်း ကိုယ့်နိုင်ငံလာရင် ကိုယ့်ဘာသာစကားကို ကိုယ်တတ်အောင်သင်မှ သူများနိုင်ငံမှာလည်း ယဉ်ကျေးမှုတွေ သူ့အလိုက်ထိုက် နေတတ်အောင်လည်းနေကြပါလို့ကျွန်တော် ပြောချင်ပါတယ်။ Camp တွေက ဖမ်းမိပြီး မြန်မာသံရုံးကို လွှဲပေးတယ်။ မြန်မာသံရုံးကနေပြီးတော့ ဒီဘက် မြန်မာနိုင်ငံလက်ထဲကို ပြန်ခေါ်ပေးတာပါ။ ဒီမှာတိုင်ရင်လည်း ဖမ်းဆီးခံရတယ်။ မှန်တာပဲဖြစ်စေ မမှန်တာပဲဖြစ်စေ ဒီနိုင်ငံမှာ တစ်နှစ်တစ်ခါ ပါမစ်ရှိတယ် သုံးနှစ်တစ်ခါ ပါမစ်ရှိတယ်။ ပါမစ်တွေက သက်တမ်းတိုးမှ ကျွန်တော်တို့က နေထိုင်ခွင့်ရတာ။ သူတို့နိုင်ငံမှာ အခွန်မဆောင်တဲ့အတွက် မလေးရှားက လဝက ဥပဒေနဲ့ ကျွန်တော်တို့ မိတယ်။ အခုလိုပြန်လာရတာ ဝမ်းသာတာပေါ့။ မိသားစုနဲ့ သားကွဲမယားကွဲ ညီအစ်ကိုမောင်နှမတွေ အဘိုးအဘွားတွေနဲ့လည်း တွေ့ချင်တာပေါ့။ ကျွန်တော်တို့ကို အခုလို ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲရော ဒီလိုလုပ်ပေးတဲ့အတွက် လူတစ်ယောက်တည်း မဟုတ်ဘူး လူပေါင်းထောင်ချီ လုပ်ပေးတဲ့အတွက် သိန်းပေါင်းများစွာလည်း ကုန်တာလည်း ကျွန်တော်တို့ သိတယ်။ ကျွန်တော်တို့အနေနဲ့လည်း ကျွန်တော်တို့ ခံစားလို့ရတယ်။ ဘယ်လိုဘယ်လို လုပ်ပေးရတယ်ဆိုတာ၊ အကုန်လုံးကိုလည်း ကျေးဇူးတင်တယ်။ နိုင်ငံတော်အကြီးအကဲတွေ၊ လဝကတို့၊ ဒီဘက်ရေတပ်၊ အင်ဂျင်နီယာတပ်တွေ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။

**အင်တာဗျူး ၂**

ကျွန်တော်ရမ်းဗြဲကနေပြီးတော့ ရန်ကုန်တက်တယ်။ ရန်ကုန်ကနေ မော်တော်ဝါးမော်တောင်ကတစ်ဆင့် ကျွန်တော် မလေးရှားတက်တယ်။ အခက်အခဲတွေကတော့ ကြုံရတာပေါ့။ ဒါပေမဲ့ မလေးရှားရောက်တော့လည်း ဟိုအလုပ်ဒီအလုပ် အဆင်မပြေတာတွေက များတယ်။ သူဌေးတွေက အများကြီးဆိုးတယ်။ အဲဒါတွေ အဆင်မပြေဖြစ်ခဲ့တယ်။ ကျွန်တော်တို့တွေက ဆင်းရဲတော့ နည်းနည်းအခက်အခဲတွေက များတယ်။ အဲဒါကြောင့် ကျွန်တော် မလေးရှားတက်တာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံ ပြန်ရောက်တော့မယ်ဆိုတော့ ပျော်ပါတယ်။ Camp မှာ ကျန်ခဲ့တဲ့ လူတွေကတော့ နည်းနည်းအခက်အခဲရှိနေတယ်။ ဘာလို့လဲဆိုတော့ ဒီက မြန်မာတွေက အကုန်ထွက်လာတော့ မြန်မာတွေကျန်ခဲ့တဲ့ သူတွေကို နှိပ်စက်နေတာတွေ ရိုက်တာတွေ ခံနေရတာတော့ စိတ်မကောင်း ဖြစ်ရတာပေါ့။ အကုန်လုံး ကျေးဇူးတင်ပါတယ် လာခေါ်တဲ့လူတွေရော အကုန်လုံး ကျေးဇူးအများကြီး တင်ပါတယ်။

**အင်တာဗျူး ၃**

မလေးရှားရောက်တာ သုံးနှစ်လောက်ရှိပါပြီ။ အောက်လမ်းကနေပဲ လာတာပါ။ ကော့သောင်းကနေပြီးတော့ မလေးရှားကို ဝင်တယ် ဝင်ပြီးတော့ ဟိုရောက်တော့ စာမျက်နှာ ၁၀ သို့ ○

# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနား မြို့တော်ခန်းမတွင် ကျင်းပ






**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ အသင်းအဖွဲ့များ၊ တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဝင်များ၊ ဂုဏ်ပြုခံ အဘိုး၊ အဘွားများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ သက်ကြီးပုဂ္ဂိုလ်များအရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များက လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုခဲ့ခြင်းများ၊ လူမှုအဖွဲ့အစည်းအတွက် အကျိုးရှိနေဆဲ၊ အသုံးဝင်နေဆဲဖြစ်သည်တို့ကို အသိအမှတ်ပြုသောအားဖြင့် လည်းကောင်း၊ သက်ကြီးပုဂ္ဂိုလ်များအပေါ် အလေးထားကြည်ညိုတတ်သည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများကို မျိုးဆက်သစ်လူငယ်များ လက်ဆင့်ကမ်းနိုင်စေရန်လည်းကောင်း အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို နိုင်ငံတော်အဆင့်အခမ်းအနားအဖြစ် ၁၉၉၉ ခုနှစ် ကတည်းက မပျက်မကွက်ကျင်းပခဲ့သလို တိုင်းဒေသကြီးအဆင့်အနေဖြင့် ကျင်းပလာခဲ့ရာ (၂၈)ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များ၏ ဝင်ငွေလုံခြုံမှုရရှိစေရေးအတွက် လူမှုရေးပင်စင် ထောက်ပံ့မှုအစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လူမှုရေးပင်စင်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သုံးလပတ်(၂)ကြိမ် ဘိုးဘွား(၁၈၃၈၁)ဦးအား ငွေကျပ်(၁၀၇၅ ဒသမ ၈၉၀)သန်း ပေးအပ်နိုင်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း ဘိုးဘွား(၂၀၆၀၇)ဦးအတွက် ငွေကျပ်(၁၂၃၆ ဒသမ ၄၂၀)သန်းအား ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရာတွင် မျိုးဆက်သစ်လူငယ်များ အပါအဝင်အားလုံးက သက်ကြီးပုဂ္ဂိုလ်များအား ချစ်ခင်လေးစားပြီး ဘဝကိုသိရှိနားလည် တန်ဖိုးထားကာ သက်ကြီးသူများ ဘဝသာယာစေရန် ဝိုင်းဝန်းဖြည့်ဆည်းသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခမ်းအနားသို့ မတက်ရောက်နိုင်သည့် အသက်(၁၀၀)နှစ်နှင့်အထက် အဘိုးအဘွား(၆၁)ဦးအတွက် ဂုဏ်ပြုငွေများကို အောင်မြေသာစံခရိုင်၊ မဟာအောင်မြေခရိုင်၊ အမရပူရခရိုင်များမှ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာသည့် ဂုဏ်ပြုခံ သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွား(၃၅)ဦးအား ဂုဏ်ပြုပစ္စည်းများနှင့် ဂုဏ်ပြုငွေများ ပေးအပ်ပြီးနောက် ဂုဏ်ပြုခံ သက်ကြီးပုဂ္ဂိုလ် အဘိုး၊ အဘွားများကိုယ်စား မန်းတောင်ခြေ ဘိုးဘွားရိပ်သာမှ အဘိုး ဦးစံမြင့်က ကျေးဇူးတင် ဆုတောင်းစကားများ ပြောကြားပြီး သက်ကြီးပုဂ္ဂိုလ်ပြုစုစောင့်ရှောက်ရေးမှတ်တမ်း Video Clip အား ပြသခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ






**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်စိုးဝင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်တို့မှ ရဲအရာရှိကြီးများ၊ ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ အငြိမ်းစားရဲအရာရှိကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်စိုးဝင်းက (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က အမှုထမ်းကောင်းဆုရရှိသူများကို ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးပြီးနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြသသည့် Video Clipနှင့်ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

○ စာမျက်နှာ ၉ မှ

ကျွန်တော်ကားဝပ်ရှော့ပေါ့ ကားဝပ်ရှော့လုပ်ရတယ်။ အလုပ်အကိုင်လည်း အဆင်မပြေပါဘူး။ အထောက်အထားမရှိလို့ လဝကတွေ တော်တော်များများ ဖမ်းကြပါတယ်။ လဝကရောက်မှပဲ အထဲမှာ ခြောက်လလောက် ကြာတယ်။ ပြီးတော့မှ ဒီကျွန်တော်တို့ မြန်မာနိုင်ငံက ပြန်လာခေါ်တော့ ဒီမှာလိုက်ပါလာပါတယ်။ ဘာလို့လဲဆိုတော့ အထဲမှာ တော်တော်နေရတာ စားရတာ စိတ်ဆင်းရဲတယ် ပင်ပန်းတယ်။ သံရုံးက ပြန်ရတော့မယ်ပြောတော့ ဒီတစ်လလောက် ကျွန်တော်တို့ တော်တော်ပျော်ကြတယ်။ ပြန်ရမှာလား မပြန်ရမှာလား အတိအကျမသိသေးဘူး ပျော်နေကြတယ်။ ပြန်ရမယ့် ညဆို တစ်ညလုံး အိပ်လို့မပျော်ဘူး။ ဘာလို့လဲဆိုတော့ ကိုယ်က မြန်မာပြည်ပြန်ရောက်တော့မှာမို့လို့ အပြင်မှာနေတုန်းကတော့ ဘာမှမဖြစ်ဘူး။ အထဲရောက်မှ အနေဆင်းရဲတယ် အစားဆင်းရဲတယ်၊ ထွက်လာမိတာကို နောင်တတွေ အများကြီးရမိပါတယ်။ မလေးရှားကနေထွက်လာပြီးတော့ ကျွန်တော်တို့ သင်္ဘောဆိပ်ရောက်တော့ မြန်မာ့အလံကိုမြင်တာနဲ့ စိတ်ထဲမှာ မျက်ရည်တောင်ကျမိပါတယ်ဗျ။ ဒါကတော့ ပြောပြလို့မတတ်အောင် ပျော်ပါတယ်ဗျ။ ဒီမနက်က အထက်အရာရှိတွေက မြန်မာပိုင်နက်ထဲ ရောက်ပြီဆိုတာနဲ့ အော်ပေးတယ် ကိုယ့်အိမ်ကိုယ့်ရာ ရောက်သလိုပါပဲ ငိုတဲ့လူလည်း ငိုကြပါတယ်။ ကိုယ့်အိမ်ကိုယ့်ရာ ရောက်ပြီဆိုတော့ပျော်ကြတာပေါ့။ သင်္ဘောပေါ်မှာ အစစအရာရာအဆင်ပြေအောင် တာဝန်ရှိသူတွေက လုပ်ထားပေးပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ ဌာနဆိုင်ရာအသီးသီးမှ လာခေါ်ပေးတဲ့ တာဝန်ရှိ တိုင်းဒေသကြီးအစိုးရတွေ၊ ဒီသင်္ဘောပေါ်မှာရှိတဲ့ အရာရှိတွေ အားလုံးကိုလည်း ရင်ထဲက အတိုင်းမသိ ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ် ခင်ဗျ”ဟု ပြောကြားသည်။

၁၀၀




# မန္တလေးတိုင်းဒေသကြီးလွှတ်တော်သို့ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း သွားရောက်လေ့လာ

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သို့ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး)မှ တာဝန်ရှိသူများနှင့် အသင်းသား၊ အသင်းသူများသည် ယနေ့နံနက်ပိုင်းတွင် လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါလေ့လာရေးခရီးစဉ်တွင် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး)မှ တာဝန်ရှိသူများ၏ ဦးဆောင်မှုဖြင့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၉၀ ကျော် လိုက်ပါခဲ့ကြသည်။

လေ့လာရေးခရီးစဉ်အတွင်း မန္တလေးတိုင်းဒေသကြီးလွှတ်တော်၏ ဖွဲ့စည်းပုံ၊ လွှတ်တော်လုပ်ငန်းဆောင်ရွက်မှုများနှင့် လွှတ်တော်၏လုပ်ငန်းစဉ်များကို လေ့လာခွင့်ရရှိခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)(မန္တလေးနေ့စဉ်-၈)**

# သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင် သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားနှင့် သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မန္တလေးပြည်သူ့ဆေးရုံကြီး မန်းတောင်ရိပ်ခန်းမဆောင်တွင်ကျင်းပရာ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမျိုးသက်တင်၊ မန္တလေးပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာစန်းလွင်ဦး၊ ပါမောက္ခဒေါက်တာ မြင့်ဟန်၊ မန္တလေးဆေးတက္ကသိုလ် ဆေးပညာဌာန၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆေးပညာသင်တန်း၊ တာဝန်ခံပါမောက္ခ ဒေါက်တာ ချစ်သက်အောင်၊ ပါမောက္ခ (ဌာနမှူး)များ၊ ကထိကများ၊ နည်းပြများနှင့် ဆေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ မန္တလေးဆေးရုံအုပ်ကြီးနှင့် ပါမောက္ခတို့က အသီးသီးအမှာစကားပြောကြားပြီး မန္တလေးပြည်သူ့ဆေးရုံကြီး၏ သက်ကြီးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်ချက်များကို ပါမောက္ခ ဒေါက်တာချစ်သက်အောင်က ရှင်းလင်းပြောကြားသည်။




ထို့နောက် ဆေးတက္ကသိုလ် ပါမောက္ခချုပ်က ပါဝင်ကူညီပေးခဲ့ကြသော ဟောပြောပို့ချသူများနှင့် ပံ့ပိုးကူညီကြသူများကို ဂုဏ်ပြုဆုတံဆိပ်များ အသီးသီး ပေးအပ်ခဲ့ပြီး စတုတ္ထနှစ်ဆေးကျောင်းသား၊ ကျောင်းသူများနှင့်အတူ(ကာယကုထုံးပညာရှင်)တို့ပူးပေါင်းတင်ဆက်သည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြသခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကံစမ်းမဲအစီအစဉ်များနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြသည်။

မန္တလေးပြည်သူ့ဆေးရုံကြီးတွင် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကို ၂၀၂၂ ခုနှစ်က စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး အသက်(၆၀)နှစ်နှင့်အထက် အဘိုး၊ အဘွား မည်သူမဆို အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ လာရောက်ဆေးကုသခံယူနိုင်ပြီး ဆေးဝါးစမ်းသပ်မှုများကို အခမဲ့ အထူးကုဆရာဝန်ကြီးကိုယ်တိုင် စမ်းသပ်ကုသ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ်မှ ယနေ့ထိ အဘိုး၊ အဘွား ၄၀၀၀ ကျော်ကို စောင့်ရှောက်ကုသပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀



# လူငယ်တွေစာဖတ်ကြပါ ဆောင်းပါးဖြင့် စာဖတ်ဝိုင်း ကျင်းပ

**မန္တလေး အောက်တိုဘာ ၁**

လူငယ်များအနေဖြင့် စာဖတ်ခြင်းမှတစ်ဆင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဒို့ကျေးရွာ ဂျာနယ် အတွဲ ၂၃၊ အမှတ် ၁၈ စာစောင်ပါ ဒေါက်တာသန်းထွန်း ရေးသားသည့် လူငယ်တွေ စာဖတ်ကြပါ ဆောင်းပါးဖြင့် စာဖတ်ဝိုင်းကို ယမန်နေ့နံနက်ပိုင်းက ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ အဆိုပါ ပြန်/ဆက်ရုံး၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်စံပယ်က စာဖတ်ဝိုင်းကျင်းပ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအောင်မင်းဦး(မင်းမင်း-မန္တလေး)က လူငယ်တွေ စာဖတ်ကြပါ ဆောင်းပါးပါအကြောင်းအရာများနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့သည်။ ဆက်လက်၍ ချမ်းအေးသာစံမြို့နယ်စာရေးဆရာအသင်း (ဘဏ္ဍာရေးမှူး) ဒေါ်နုနုကြည် (အမေ့အိမ်)က လူငယ်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးပြီး အသိပညာများကို အပြန်အလှန် ဆွေးနွေးခဲ့သည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်များ၊ မှတ်တမ်းဓာတ်ပုံများ၊ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြပြီး ဗလာစာအုပ်များ၊ ဒို့ကျေးရွာဂျာနယ်တို့ကို လက်ဆောင်အဖြစ်ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

◘ စာမျက်နှာ ၂၄ မှ

ကွာတားဖိုင်နယ်သို့ တက်ရောက်၍ ကွာတားဖိုင်နယ် ရှုံးထွက်အဆင့် ပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ရာ မြန်မာ Esports အသင်းက ကမ္ဘောဒီးယားအသင်းကို ရလဒ်နှစ်ပွဲ၊ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဆင့်နှင့် ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို အကောင်းဆုံးယှဉ်ပြိုင် အနိုင်ယူကျော်ဖြတ်ခဲ့ပြီး အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ကာ မလေးရှားအသင်းကို နှစ်ပွဲပြတ် အနိုင်ရရှိသဖြင့် အာရှအားကစားပြိုင်ပွဲ၏ အမြင့်မားဆုံးသော ဗိုလ်လုပွဲအဆင့်သို့ ဂုဏ်ယူဝင့်ကြွားစွာ တက်ရောက်နိုင်ခဲ့သည်။

ယင်းနောက် မြန်မာ Esports အသင်းသည် ဗိုလ်လုပွဲ ပွဲစဉ်ကို Best of Seven ပွဲငယ်ခုနစ်ပွဲ ယှဉ်ပြိုင်ရာတွင် လေးပွဲအနိုင်ရရှိမည့် အသင်းက ပထမဆုရရှိမည်ဖြစ်သည့်အတွက် မြန်မာ့လက်ရွေးစင် Esports အသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ပွဲဦးထွက်မှစ၍ (Game 1 မှ Game 4 အထိ)ရှုံးပွဲမရှိ အကောင်းဆုံး လက်စွမ်းပြဦးဆောင်ထားနိုင်ခဲ့ပြီး ရလဒ်လေးပွဲပြတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့ကာ ပွဲစဉ်တစ်လျှောက်လုံး အမှားအယွင်းမရှိဘဲ ပြိုင်ပွဲကို ထိန်းချုပ်ကစားသွားနိုင်ခဲ့သဖြင့် ချန်ပီယံရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်အောင်မြင်စွာ ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends: Bang Bang (MLBB)ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုဖြင့် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူပေးနိုင်ခဲ့သည်။ ဒုတိယဆုကို အင်ဒိုနီးရှားအသင်းကလည်းကောင်း၊ တတိယဆုကို မလေးရှားအသင်းနှင့် ပူးတွဲတတိယဆုကို မွန်ဂိုလီးယားအသင်းတို့ကလည်းကောင်း ရရှိခဲ့သည်။

ယနေ့ မြန်မာ့လက်ရွေးစင် MLBB Esports Team Zanaka အသင်းရရှိခဲ့သည့် ရွှေတံဆိပ်ဆုသည် ဆုတံဆိပ်တစ်ခုမျှတင်မကဘဲ မြန်မာ့ Esports သမိုင်းတစ်လျှောက် အာရှအဆင့်တွင် ပထမဦးဆုံးရရှိခဲ့သည့် မြင့်မားလှသော အောင်မြင်မှုတစ်ရပ်ဖြစ်သည်။

ယခုအောင်မြင်မှုသည် မြန်မာ Esports အသင်း၏ ကြိုးစားအားထုတ်မှု၊ မြန်မာ့ Esports ကဏ္ဍတစ်ခုလုံး၏ အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်၍ နောင်လာမည့် မျိုးဆက်သစ် Esports အားကစားသမားများအတွက် ဂုဏ်ယူဖွယ်ရာဖြစ်စေရုံသာမက နိုင်ငံတကာစင်မြင့်ထက်တွင် နိုင်ငံတော်သီချင်းကို ဂုဏ်ယူဝင့်ကြွားစွာ သီဆိုပြီး နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံအလံကို ဆက်လက်လွှင့်ထူနိုင်ရန် အားအင်အပြည့်နှင့် စိတ်ဓာတ်ခွန်အားများစွာ ရရှိစေခဲ့သည်။

မြန်မာအသင်းအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း အားကစားနည်းမှ ကြေးတံဆိပ်တစ်ခု၊ ဝူရှူးအားကစားနည်းမှ ကြေးတံဆိပ်တစ်ခုနှင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း အားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ လေ့လော့်အားကစားနည်းမှ ကြေးတံဆိပ်နှစ်ခုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး ယခု ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၄၃ နည်း ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ တက်ကွ်ဘော၊ Esports၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘားနှင့် ဘောလုံး (အမျိုးသမီး)စသည့် အားကစားနည်းငါးနည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ တက်ကွ်ဘောအားကစားနည်းမှ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုနှင့် Esports အားကစားနည်းမှ ရွှေတံဆိပ်တစ်ခုတို့ကို ဆွတ်ခူးရရှိခဲ့သည်။

မြန်မာနိုင်ငံက အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲတွင် ယနေ့အထိ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်လေးခုရရှိထားသည့်အတွက် ပြိုင်ပွဲဝင်နိုင်ငံ ၄၅ နိုင်ငံအနက် နိုင်ငံအလိုက်အဆင့်(၂၂)တွင် ရပ်တည်နိုင်ခဲ့ပြီး ယခင်အာရှအားကစားပြိုင်ပွဲများတွင် ရရှိခဲ့သည့် ဆုတံဆိပ်များထက် သာလွန်ပြီး အောင်မြင်မှုပိုမိုရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

## တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက မန္တလေးမြို့၊ မန္တလာသီရိအားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော်၊ တိုင်းဒေသကြီးအား ကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးထင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ဂျူဂျူ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ စိတ်ကူးသစ်ကိုယ်ပိုင်အထက်တန်းကျောင်း ဘင်ခရာအဖွဲ့မှ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုတေးသီချင်းများ တီးခတ်ကာ ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုအားပေးစကားပြောကြားခဲ့သည်။ ထို့နောက် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စတင်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက လေးဘာသာဂုဏ်ထူးရရှိသူ ၅၈ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၉၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၁၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၂၉၆ ဦး၊ စုစုပေါင်း ကျောင်းသား၊ကျောင်းသူ ၅၆၈ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (၀၆၉)



## စတုတ္ထအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**ရေနံချောင်း အောက်တိုဘာ ၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ရေနံချောင်းတက္ကသိုလ်၌ "ရေရှည်တည်တံ့ခိုင်မြဲသော တီထွင်ဆန်းသစ်မှုဆီသို့" ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ်မြောက်သုတေသနစာတမ်းဖတ်ပွဲဖွင့်ပွဲကို ယမန်နေ့က အဆိုပါတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပရာ တက္ကသိုလ် ၂၅ခုမှ ဘာသာရပ် နယ်ပယ်အလိုက် စာတမ်းပေါင်း ၆၄ စောင်ကို ဖတ်ကြားသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးအေးသန့်က အဖွင့်အမှာစကားပြောကြားပြီး ရေနံချောင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနွယ်သင်းနီက စာတမ်းဖတ်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ သင်ကြားစီမံဌာန၊ အင်ဂျင်နီယာဌာန၊ နယ်မြေဌာနများရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၅၀ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် တက္ကသိုလ် ၂၅ ခုမှ စာတမ်းရှင်များက ဘာသာရပ်နယ်ပယ် အသီးသီးဖြစ်သည့် Natural Science ဘာသာရပ်နှင့် ဆိုင်သောစာတမ်း အစောင်၂၀၊ Social Science ဘာသာရပ်နှင့် ဆိုင်သော စာတမ်း ၂၄ စောင်၊ Humanity and Art ဘာသာရပ်နှင့်ဆိုင်သောစာတမ်း ၁၄ စောင်၊ Infrastructure, Technology Innovation ဘာသာရပ်နှင့်ဆိုင်သောစာတမ်း ၄ စောင်၊ Energy ဘာသာရပ်နှင့် ဆိုင်သောစာတမ်း ၂ စောင်၊ စုစုပေါင်းစာတမ်း ၆၄ စောင်ကို စာသင်ဆောင်များရှိ စာသင်ခန်းလေးခန်းတွင် စက်တင်ဘာ ၂၉ ရက် မှ ၃၀ ရက်အထိ နှစ်ရက်ကြာ ဖတ်ကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ကိုစိုးကြီး(ပြန်/ဆက်)

## ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အ·ထ·က (စဉ့်ကိုင်)ကျောင်းရှိ သဇင်ခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာမောင်စိုးနှင့်အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်အေးဇာခြည်ဆင့်နှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့်မိဘများ တက်ရောက်ခဲ့ကြသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အ·ထ·က(စဉ့်ကိုင်) ကျောင်းသား၊ ကျောင်းသူများမှ "ဘက်စုံပညာကိုရည် ဒို့လှမ်းချီ" သီချင်းဖြင့် ဖျော်ဖြေခဲ့ကြသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက နှစ်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၅၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၁၄၁ ဦး၊ စုစုပေါင်း ၁၉၂ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရွှေပညာသစ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "နောင်အင်းလေး" သီချင်းဖြင့် ဖျော်ဖြေခဲ့ကြသည်။ ထို့နောက် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ(ကိုယ်စား) ကျောင်းသားတစ်ဦး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အ·ထ·က(စဉ့်ကိုင်) ကျောင်းသား၊ ကျောင်းသူများမှ "ထာဝရသစ္စာ" သီချင်းဖြင့် ဖျော်ဖြေပေးခဲ့ကြောင်းနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။



(အောက်ဝဲပုံ)

ကျော်စွာ(စဉ့်ကိုင်)

## ဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သပိတ်ကျင်း အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့သည် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ လူစည်ကားရာနေရာများတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အဖွဲ့အနေဖြင့် မြို့ပေါ်ရှိ ဆိပ်ကမ်းရပ်ကွက်နှင့် ကဘဲ့ရပ်ကွက်များတွင် မုန်တိုင်းအန္တရာယ်၊ လေပြင်းအန္တရာယ်နှင့် ရေဘေးအန္တရာယ်ဆိုင်ရာကြိုတင်ကာကွယ်ရေးအစီအမံများ၊ ရှောင်ရှားနိုင်ရန်များ၊ သတိပြုလိုက်နာရန်များနှင့် အန္တရာယ်ကျရောက်ပြီးနောက် ဆောင်ရွက်ရန်များ အစရှိသည့် ပြည်သူများ သိရှိထားသင့်သည့် အချက်များကို လှည့်လည်နှိုးဆော်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**

## မင်းဘူး(စကု)မြို့နယ်၊ မယ်ဘော့ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**မင်းဘူး အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၊ မယ်ဘော့ကုန်း အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်ပြီး ပြင်ပဗဟုသုများ ရရှိနိုင်စေရန်နှင့် ကျောင်းစာများအပြင် သုတ၊ ရသစာပေများကို ဖတ်ရှုလေ့လာသည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်စေရန် ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး၊ မယ်ဘော့ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့ နံနက်ပိုင်းက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများကို ကျင်းပရာ ပြန်/ဆက် ခရိုင်ဦးစီးမှူး ဦးမျိုးမောင်မောင်ကျော်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ဖြူနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနှင်းတို့က အသိပညာပေးဟောပြောခဲ့ကြပြီး ခရိုင် ပြန်/ဆက်ဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာပေများနှင့် အသိပညာပေး နံရံကပ်စာစောင်၊ ဗီနိုင်းပိုစတာများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အခြေခံပညာကျောင်းများတွင် အားကစားလှုပ်ရှားမှုများ ဆောင်ရွက်နိုင်စေရန်အတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၅၀၄)



# ပုသိမ်ကြီးမြို့နယ်တွင် ကာလကြာရှည်တည်ရှိသည့် မြကျောက်သဘာဝ Mineral Water ရေအရင်းအမြစ်

**မန္တလေး အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေး-ရန်ကင်းတောင်လမ်း၊ ကျိုက္ကန်းရပ်အနီးရှိ အတုလမဟာမြကျောက်စေတီတော်အနီးတွင် 'Mya Kyauk Mineral Water'ဟု မှတ်တမ်းတင်ထားသည့် သဘာဝရေအရင်းအမြစ်တစ်ခုရှိပြီး ဒေသခံအချို့က အဆိုပါရေကို ကာလကြာရှည်စွာ လာရောက်ယူဆောင်သောက်သုံးနေကြသည်။

စတင်တူးဖော်ခဲ့သည့်အခြေအနေ ကျောက်စာမှတ်တမ်းများအရ




အဆိုပါ ရေအရင်းအမြစ်ကို သက္ကရာဇ် ၁၃၆၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက်တွင် စတင်တူးဖော်ခဲ့ခြင်းဖြစ်ပြီး မြေအောက်ရေထွက်ရှိရန်အတွက် အနက် ၄၂ ပေအထိ တူးဖော်ကာ ရေတွင်းအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြကျောက်ရေအရင်းအမြစ်သည် ပုသိမ်ကြီးမြို့နယ်အတွင်း ကာလကြာရှည်တည်ရှိလာခြင်းဖြစ်ပြီး မြို့ခံအချို့က ရေဘူးများဖြင့် လာရောက်ယူဆောင်၍ နေအိမ်များတွင် သောက်သုံးကြသည်။

မြကျောက်စေတီတော်အနီးရှိ ကျောက်စာမှတ်တမ်းတွင် အဆိုပါရေကို 'Mya Kyauk Mineral Water'ဟု ဖော်ပြထားသည့်အပြင် ရေအရည်အသွေး စမ်းသပ်စစ်ဆေးထားသည့် အချက်အလက်များကိုလည်း မှတ်တမ်းတင်ထားသည်။

ကျောက်စာပါ စမ်းသပ်မှတ်တမ်းအရ ရေသည် အရောင်၊အဆင်းကြည်လင်ပြီး အနံ့မရှိကြောင်း၊ အာဆင်းနစ်နှင့် ခဲပါဝင်မှုကို Nil ဟု ဖော်ပြထားပြီး PH တန်ဖိုး ၇ ဒသမ ၃ နှင့် Total Solids 305 mg/l ရှိကြောင်း ဖော်ပြထားသည်။ အဆိုပါ မှတ်တမ်းတွင် Public Health Laboratory ၏ အတည်ပြုချက် ရရှိထားကြောင်းလည်း ရေးထိုးထားသည်။ (ဓါတ်ပုံ)

ထို့အပြင် ကျောက်စာမှတ်တမ်း၏ အောက်ပိုင်းတွင် အမေရိကန်နိုင်ငံ Environmental Protection Agency (EPA)၏ သောက်သုံးရေ စည်းမျဉ်းများနှင့် ကျန်းမာရေးအကြံပြုချက်များ အပါအဝင် နိုင်ငံတကာ ရေအရည်အသွေးဆိုင်ရာ အချက်အလက်များကို ရည်ညွှန်းဖော်ပြထားသည်ကို တွေ့ရသည်။

လက်ရှိအချိန်အထိလည်း ပုသိမ်ကြီးမြို့ခံအချို့က မြကျောက်ရေအရင်းအမြစ်မှ ရေကို လာရောက်ယူဆောင် သောက်သုံးနေကြသဖြင့် အဆိုပါနေရာသည် ဒေသခံများအတွက် ကာလကြာရှည် အသုံးပြုလာသည့် သဘာဝရေအရင်းအမြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေသည်။

**ကိုစိုင်း(မန္တလေးနေ့စဉ်)**



# ၂၀၂၈ ခုနှစ်တွင် ဆန်တင်ပို့မှုမှ ဒေါ်လာ ၂ ဘီလီယံရရှိရန် ရည်မှန်း

**မန္တလေး အောက်တိုဘာ ၁**

၂၀၂၈ ခုနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဘီလီယံခန့် ရရှိရန် ရည်မှန်းထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

နှစ်စဉ် ဆန်တင်ပို့မှုကို တန်ချိန် ၄ သန်းမှ ၅ သန်းအထိ တိုးမြှင့်ပြီး ဒေါ်လာ ၂ ဘီလီယံခန့် ရရှိရန်ရည်မှန်းထားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုရည်မှန်းချက် ပြည့်မီရန် ပြည်ပပို့ကုန်ဆန်စပါး စိုက်ပျိုးရေးဇုန် (Rice Export Zone) ဧက ၅ သန်း ဖော်ဆောင်ရန် လိုအပ်ပြီး ယခုနှစ်တွင် ဧက သုံးသိန်း ထူထောင်ထားကြောင်း ၎င်းက ဆိုသည်။

ရည်မှန်းချက် မပြည့်မီမချင်း နှစ်စဉ်တိုးတက်မှုနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုအပေါ် မူတည်၍ Rice Export Zone များကို တိုးချဲ့သွားရန် စီစဉ်ထားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် သုံးသန်းတင်ပို့ရန်လျာထားပြီး ဩဂုတ်လကုန်အထိ တန်ချိန် ၈၄၀,၀၀၀ ကျော် တင်ပို့ထားကာ အမေရိကန်ဒေါ်လာ ၂၉၁ သန်း ရရှိထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ရွှေမန်း**

၀-၀-၀-၀-၀-၀

၀-၀-၀-၀-၀

# တောင်သမန်အင်းကန်ပေါင်တစ်လျှောက် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများပြားလာ

**မန္တလေး အောက်တိုဘာ ၁**

မန္တလေး၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်း ကန်ပေါင်တစ်လျှောက်တွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု များပြားလာပြီး အင်းအနီးပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် သဘာဝအလှအပ ထိခိုက်လာမည်ကို စိုးရိမ်မှုများရှိနေကြောင်း ဒေသခံများထံမှ သိရသည်။

တောင်သမန်အင်းအတွင်းရှိ ဦးပိန်တံတားသည် ကမ္ဘာကျော်သစ်သားတံတားတစ်စင်းဖြစ်သည့်အပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်သည့် မန္တလေးမြို့၏ အထင်ကရ ခရီးသွားနေရာတစ်ခုလည်းဖြစ်သည်။

လက်ရှိတွင် တောင်သမန်အင်း ကန်ပေါင်အနီးနှင့် အင်းရေပြင်အစပ်များ၌ ပလတ်စတစ်အိတ်များ၊ ပလတ်စတစ်ဘူးများ၊ အစားအသောက်ထုပ်ပိုးပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ ပြန့်ကျဲနေသည်ကိုတွေ့ရပြီး အချို့နေရာများတွင် အမှိုက်များစုပုံနေသည်။

အဆိုပါ အမှိုက်များအနက် အစားအသောက်နှင့် သောက်စရာများ အသုံးပြုပြီးနောက် စွန့်ပစ်ထားသည့် ပလတ်စတစ်ဘူးများနှင့် ထုပ်ပိုးပစ္စည်းများလည်း ပါဝင်ပြီး ကန်ပေါင်အနီးတွင် စနစ်တကျ စွန့်ပစ်ထားခြင်းမရှိသည့် အခြေအနေများ တွေ့ရကြောင်း ဒေသခံများကပြောသည်။

'တောင်သမန်အင်းနဲ့ ဦးပိန်တံတားက မန္တလေးကို လာရောက်လည်ပတ်တဲ့ သူတွေအတွက် အထင်ကရ နေရာတစ်ခုပါ။ အမှိုက်တွေ စည်းကမ်းမဲ့စွန့်ပစ်တာများလာရင် ပတ်ဝန်းကျင်အလှအပ ထိခိုက်နိုင်တယ်။ လာရောက်လည်ပတ်သူတွေအနေနဲ့လည်း ကိုယ်အသုံးပြုပြီးတဲ့ အမှိုက်ကို စနစ်တကျ စွန့်ပစ်ပေးစေချင်ပါတယ်' ဟု ဒေသခံ တစ်ဦးက ပြောသည်။

တောင်သမန်အင်းနှင့် ဦးပိန်တံတားသည် မန္တလေးမြို့၏ အထင်ကရ ခရီးသွားလည်ပတ်စရာ နေရာများအနက် တစ်ခုဖြစ်သဖြင့် လာရောက်လည်ပတ်သူများအနေဖြင့် အမှိုက်များကို နေရာတကာ စွန့်ပစ်ခြင်းမပြုဘဲ သတ်မှတ်ထားသည့် အမှိုက်ပုံးများတွင် စနစ်တကျ စွန့်ပစ်ရန် လိုအပ်နေကြောင်း ဒေသခံများက တိုက်တွန်းထားသည်။

ထို့အပြင် ကန်ပေါင်တစ်လျှောက် ရောင်းချနေသည့် ဈေးဆိုင်များအနေဖြင့်လည်း ဆိုင်မှထွက်ရှိသည့် အမှိုက်များကို စနစ်တကျ စုဆောင်းစွန့်ပစ်ရန်နှင့် စားသုံးသူများကို အမှိုက်စနစ်တကျ စွန့်ပစ်ရေး အသိပညာပေးရန် လိုအပ်သည်။

တောင်သမန်အင်း၊ ဦးပိန်တံတားနှင့် အနီးဝန်းကျင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းလှပစေရန်အတွက် ဒေသခံများ၊ ဈေးဆိုင်များနှင့် လာရောက်လည်ပတ်သူများအနေဖြင့် မိမိတို့စွန့်ပစ်သည့်အမှိုက်ကို မိမိတို့တာဝန်ယူ၍ စည်းကမ်းရှိစွာ စွန့်ပစ်ကြရန် လိုအပ်နေကြောင်း ဒေသခံများက ပြောသည်။

**(အောက်ပုံ)**

**ကျော်ဧယျ(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀



**သင့်သွေးဖြင့် အသက်ကယ်ပါ။**

# မြန်မာ့ရိုးရာချိတ်ရက်ကန်း ဒီဇိုင်းပြိုင်ပွဲများ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁**

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ မန္တလေးကွန်ဗင်းရှင်းစင်တာ(MCC)တွင် ကျင်းပမည့် ရောဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးပွဲတော် (၂၀၂၆)၏ အစီအစဉ်တစ်ရပ်အဖြစ် မြန်မာ့ရိုးရာရက်ကန်းပညာရှင်များအတွက် မြန်မာ့ရိုးရာချိတ်ရက်ကန်းဒီဇိုင်းပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာချိတ်ရက်ကန်းဒီဇိုင်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာချည်လက်ကော်ချိတ်ဒီဇိုင်း



ပြိုင်ပွဲနှင့် မြန်မာ့ရိုးရာဖဲလွှာချိတ်ဒီဇိုင်းပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲတစ်ရက်စီအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၁)၊ (၂) စုစုပေါင်း ဆု ငါးဆုစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်လိုသည့် မြန်မာ့ရိုးရာရက်ကန်းပညာရှင်များအနေဖြင့် သတ်မှတ်ထားသည့်လျှောက်လွှာများကို ဖြည့်စွက်၍ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို MCFA (MDY)ရုံးတွင် ရုံးချိန်အတွင်း လာရောက် ထုတ်ယူနိုင်မည်ဖြစ်သည်။ ထို့အပြင် အထည်အလိပ်ရက်ကန်းလုပ်ငန်းရှင်များအသင်း(မန္တလေး)နှင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းတို့တွင်လည်း လျှောက်လွှာများ ထုတ်ယူနိုင်မည်ဖြစ်သည်။

လျှောက်လွှာများ လက်ခံမည့် နောက်ဆုံးရက်မှာ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက် ညနေ ၄ နာရီဖြစ်ပြီး သတ်မှတ်ချိန်အတွင်း လျှောက်လွှာများ တင်သွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဒေါ်မြင့်မြင့်သန်း ၀၉-၂၀၂၅၅၅၇၊ မသီဂီအောင် ၀၉-၇၈၈၈၂၃၃၄၀နှင့် ဦးဇော်မျိုးအောင် ၀၉-၂၀၅၉၄၄၃ တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

# ထာဝရအလင်းတိုင် ထွန်းညှိနိုင်သူ ဆရာတစ်ဆူ

မြန်မာ့အဘိဓာန်မှာ ဆရာဆိုတာ-

(၁) သွန်သင်ဆုံးမနည်းပြသော ပုဂ္ဂိုလ်

(၂) ပညာပို့ချသင်ကြားပေးသောပုဂ္ဂိုလ်

(၃) အတတ်ပညာလုပ်ငန်းတစ်ရပ်ရပ်တွင် ကျွမ်းကျင်သောပုဂ္ဂိုလ်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားရာ 'လိမ္မာပဲ့ပြင် သင်ခပေသည် ဆရာမည်၏' ဆိုတဲ့ ကိုးခန်းပျို့လာ ဆရာရဲ့အာဘော်နှင့် ကိုက်ညီပါတယ်။ ဆရာကို အင်္ဂလိပ်ဘာသာအားဖြင့် Teacher လို့ ခေါ်ပါတယ်။ တစ်လုံးစီရဲ့ အဓိပ္ပာယ်မှာ

T = Teacher (သင်ပြခြင်း)

E = Education (ပညာတတ်ဖြစ်ခြင်း)

A = Active (တက်ကြွခြင်း)

C = Clever (လိမ္မာပါးနပ်ခြင်း)

H = Honest (ရိုးသားခြင်း)

E = Expert (ပညာအရာတစ်ဖက်ကမ်းခတ် တတ်မြောက်ခြင်း)

R = Research Minded (သုတေသနပြုလုပ်ခြင်း)

လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ပညာကို မိမိလိုအပ်သလို ထုတ်ယူသုံးစွဲနိုင်ရန် တပည့်များအတွက် လမ်းညွှန်ပြသပေးတဲ့ဆရာများဟာ ပညာရေးမှာ 'အခရာ' ဖြစ်ပါတယ်။ ဆရာဆိုတာ ကျောင်းသား၊ ကျောင်းသူများကို ဗလငါးတန်အပါအဝင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ပြည့်ဝစေရန်၊ ကိုယ်ကျင့်တရားနဲ့ စိတ်ဓာတ်ကောင်းမွန်စေရန်၊ ယဉ်ကျေးလိမ္မာပြီး အများအကျိုးဆောင်ရွက်တတ်တဲ့ ပရဟိတစိတ်ဓာတ်ရှိစေရန် ပြုပြင်ပြုစု ပျိုးထောင်ပေးရသူများ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဆရာကိုယ်တိုင်က နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်၊ ဆရာများရဲ့ သစ္စာအဓိဋ္ဌာန် (၅)ချက်၊ ခံယူချက် (၅)ချက်၊ ကျင့်ဝတ် (၅)ချက်၊ မိလိန္ဒပညာအရ ဆရာအင်္ဂါ (၂၅)ပါး စတာတွေနဲ့ ပြည့်စုံသူဖြစ်ဖို့ လိုပါတယ်။ တပည့်များအပေါ် စေတနာ၊ ဝါသနာ၊ အနစ်နာ၊ ကရုဏာ၊ မေတ္တာများစွာနဲ့ စံနမူနာအဖြစ် လောကအလှကို အလှဆင်နေသူဖြစ်ပါတယ်။ သိက္ခာရပ်ဝန်းမှာ နေထိုင်သူများပီပီ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာနှင့် ပြည့်စုံသူဖြစ်ပါတယ်။

အရည်အသွေးကောင်းမွန်တဲ့ ပညာရေးကို အရည်အသွေးကောင်းမွန်တဲ့ ဆရာများကသာ ဖော်ဆောင်ပေးနိုင်ပါတယ်။ ဆရာတိုင်းတော်ပြီး ကောင်းမှ ပညာရေးအပေါ် တည်မှီနေတဲ့ နိုင်ငံကောင်းမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ သစ်ပင်တစ်ပင်နဲ့တူပြီး ပညာဟာ အကိုင်းအခက်သဖွယ်ဖြစ်ပါတယ်။ ဆရာဟာ ရေသောက်မြစ်အလား ဖြစ်ပါတယ်။ အမြစ်ခိုင်မှ အကိုင်းတုတ်ပြီး အပင်ဝေဆာလာမှာ ဖြစ်ပါတယ်။ သင်ရိုးဘယ်လောက်ကောင်းကောင်း သင်ရိုးကို အကောင်အထည်ဖော်ရတဲ့ ဆရာ မကောင်းရင် မအောင်မြင်နိုင်ပါ။ ဆရာဟာ ပညာရေးစနစ်ရဲ့ 'ဗဟိုချက်မ' ဖြစ်လို့ ပညာအရည်အသွေးကောင်းရန်၊ အရည်အသွေးကောင်းတွေကို ပြုစုပျိုးထောင်ပေးတဲ့ ပညာရေးတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်များ၊ ဆရာအတတ်သင်ပညာဌာနများဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ တည်ရှိနေပါတယ်။ ဒါကြောင့်လည်း ဆရာကောင်းတွေ မွေးထုတ်ပေးမယ့် ဆရာအတတ်သင်ပညာဌာနများရဲ့ တာဝန်ဟာ ပခုံးနက်ပါတယ်။ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ မျိုးဆက်သစ်လူငယ် ဆရာများကို ပြုစုပျိုးထောင်မွေးထုတ်ပေးရမှာ ဖြစ်ပါတယ်။ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ကြုံတွေ့နေရတဲ့ ကျောင်းသားတွေကို ထိန်းကျောင်းပေးရတဲ့ ဆရာ့တာဝန်ဟာ များပြားလာပါတယ်။ ခေတ်နဲ့လိုက်လျောညီထွေတဲ့ အတွေးအမြင်သစ်နဲ့ တီထွင်ဆန်းသစ်ဖန်တီးနိုင်စွမ်းရှိတဲ့ လူငယ်တွေ ဆရာ အလုပ်ကို ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ပညာရေးကဏ္ဍအတွက် ခွန်အားသစ်များ တိုးပွားလာမှာ ဖြစ်ပါတယ်။ ဆရာတိုင်း အရည်အချင်းပြည့်ဝစေရန် ကိုယ်တိုင် ရေပြည့်အိုးသဖွယ် ဖြစ်စေရန်၊ ကိုယ်တိုင် ဘဝတစ်သက်တာလုံး သင်ယူမှု (Life Long Learning) ရှိဖို့လိုပါတယ်။ IT ခေတ်နဲ့အညီ အမီလိုက်နိုင်ပြီး နိုင်ငံတကာ ပညာရေးအမြင်ရှိအောင် ဆရာများက ကြိုးစားကြရမှာ ဖြစ်ပါတယ်။

အထူးကို ခံယူထိုက်တဲ့ 'အာဟုနေယျ' ပုဂ္ဂိုလ်ဖြစ်လို့ ဆရာကို ပြစ်မှားရင် 'အာဟုနေယျမီး' လောင်မြိုက်ခံရတတ်ပါတယ်။ ဒါကြောင့် ရှင်မဟာသီလဝံသက 'တုတုပပ ပြစ်မှားကြလျှင် မိဒဏ်၊ ဘဒဏ်၊ ဆရာဒဏ် ခံရလိမ့်မည် မယွင်းတည်း' လို့ ဆုံးမတော်မူခဲ့ပါတယ်။ ဆရာဝတ္တရား ငါးပါးနှင့်အညီ ပြုမူကျင့်ကြံရသလို တပည့်များကလည်း တပည့်ဝတ္တရားငါးပါးနှင့်အညီ ပြုမူကျင့်ကြံရပါတယ်။

မန္တလေးမြို့ မဟာဇောတိကာရာမတိုက်၊ ရတနာပုံစံ စံကျောင်းဆရာတော် ဦးစန္ဒိမာဟာ မင်းတုန်းမင်းဖြစ်လာမယ့် မောင်လွင်ကို ငါးခြောက်ပြားတစ်ပြား ပျောက်မှုနှင့် နောင်တစ်သက် ဖျက်မရတဲ့ အမာရွတ်ထင်အောင် ဆုံးမခဲ့သော်လည်း သားတော်များကို 'ကျေးဇူးရှင် ဆရာတော်များက ရိုက်နှက်ဆုံးမသွန်သင်က၊ မငြိုငြင်သောစိတ်ဓာတ်၊ မနသီမြတ်ဖြင့် မပြတ်လျှလျှ ခစားရမည်' ဟု အမာရွတ်ကို ပြသဆုံးမခဲ့ပါတယ်။ ထို့အတူ နှမ်းခိုးစားတဲ့ မင်းသားဟာ နောင် မင်းဖြစ်လာမယ့်သူဖြစ်

**ပညာကို မိမိလိုအပ်သလို ထုတ်ယူသုံးစွဲနိုင်ရန် တပည့်များအတွက် လမ်းညွှန်ပြသပေးတဲ့ဆရာများဟာ ပညာရေးမှာ 'အခရာ' ဖြစ်ပါတယ်။ ဆရာဆိုတာ ကျောင်းသား၊ ကျောင်းသူများကို ဗလငါးတန်အပါအဝင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ပြည့်ဝစေရန်၊ ကိုယ်ကျင့်တရားနဲ့ စိတ်ဓာတ်ကောင်းမွန်စေရန်၊ ယဉ်ကျေးလိမ္မာပြီး အများအကျိုးဆောင်ရွက်တတ်တဲ့ ပရဟိတစိတ်ဓာတ်ရှိစေရန် ပြုပြင်ပြုစုပျိုးထောင်ပေးရသူများ ဖြစ်ပါတယ်။**

ယခုအခါ ဆရာအတတ်သင်ဌာနများမှာ I.C.T (Information Communication Technology) အတွက် ကွန်ပျူတာသင်ကြားပေးနေသလို ဘာသာရပ်တိုင်းအတွက် သင်ထောက်ကူအဖြစ် အသုံးပြုနိုင်ရန်၊ Internet မှာ ပညာရှာတတ်ရန်၊ ကမ္ဘာ့ရဲ့တိုးတက်ပြောင်းလဲနေတဲ့အကြောင်းအရာတွေကို သိရှိပြီး ခေတ်မီတဲ့အတွေးအမြင်ရရှိစေရန်၊ မိုဘိုင်းဖုန်းတစ်လုံးကနေပြီး ဘာသာရပ်အမျိုးမျိုး လေ့လာသင်ယူတတ်လာစေရန်၊ ဆရာတွေ ကိုယ်တိုင်က လမ်းပြညွှန်ကြားရင်း ပညာတွေ မျှဝေသင်ကြားပေးမယ့် ဆရာတွေရဲ့ အခန်းကဏ္ဍဟာ အရေးကြီးဆုံး ဖြစ်နေပါပြီ။

'ပန်းပဲဆရာရဲ့ အထုမခံရတဲ့ သံတုံးဟာ လက်နက်ဖြစ်မလာပါ။ ကျောက်ဆစ်ဆရာရဲ့ အဖြတ်မခံရတဲ့ ကျောက်တုံးဟာ ဘာအရုပ်မှ ဖြစ်မလာ ပါ။ ဆရာကောင်းရဲ့ အဆုံးအမကို မခံရတဲ့တပည့်ဟာ သူကောင်းဖြစ်မလာပါ' လို့ ပထမရွှေကျင်ဆရာတော် ကြီးက မိန့်မှာခဲ့ပါတယ်။

ဆရာဟာ အနန္တော အနန္တ ငါးပါးမှာ ပါဝင်သလို မပြစ်မှားထိုက်တဲ့ ခင်ပွန်းကြီး ၁၀ ပါးမှာလည်း ပါလို့ ရန်မူပြစ်မှားခြင်း မပြုထိုက်ကြောင်း မြန်မာလူဘောင်အဖွဲ့အစည်းက အသိအမှတ်ပြုကြပါတယ်။ ဆရာဟာ တပည့်သားမြေးတို့ရဲ့ ပူဇော်သော်လည်း ဆရာဖြစ်တဲ့ ဒီသာပါမောက္ခဆရာကြီးဟာ နောင်အရေးကို မကြောက်ဘဲ တပည့်ကောင်းစားရေးအတွက် ရိုက်နှက်ဆုံးမခဲ့တဲ့ သာဓကတွေဟာ တပည့်အကျိုးအတွက် ဆောင်ရွက်ခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ရေကြီးတဲ့ သတင်းထဲမှာ စစ်ကိုင်းတိုင်း၊ မူးမြစ်အတွင်း မျောပါသွားတဲ့ တပည့်ကျောင်းသားကို အသက်ဘေးက လွတ်အောင် ကယ်တင်နိုင်ခဲ့ပေမယ့် စေတနာပရဟိတဆရာဟာ ရေစီးနဲ့ မျောပါသွားပြီး သေဆုံးခဲ့ရတဲ့ သတင်းကို ဖတ်လိုက်မိပါတယ်။ အလားတူ တောင်ငူက ဆရာစောရန်ဟာ ကလေးတွေနဲ့ ကျောင်းဆင်းအပြန် ချောင်းရေကျတာနဲ့ ကြုံလို့ ကလေးတွေကို ပခုံးနဲ့ထမ်းပြီး တစ်ယောက်စီ ရေဘေးကလွတ်အောင် ထမ်းပို့ရင်း ခြေကုန်လက်ပန်းကျကာ ရေထဲမျောပါ သေဆုံးခဲ့ရတဲ့ သတင်းတွေကို ဖတ်လိုက်ရတဲ့အခါ 'ဘေးရန်ဆီးကာ သင့်ရာအပ်ဖို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ' ဆိုတဲ့ ဆရာဝတ္တရားကို ပီပီပြင်ပြင် ထမ်းဆောင်သွားတဲ့ ဆရာတွေရဲ့ တာဝန်ကျေမှုကို ရင်နင့်စွာ ခံစားရင်း ဦးညွှတ်မိပါတယ်။

ဆရာများရဲ့ စွမ်းပကားကို ကမ္ဘာက အသိအမှတ်ပြုဖို့ လိုအပ်နေပြီဆိုတဲ့ ခေတ်ကာလရဲ့ တောင်းဆိုချက်ကလည်း ကမ္ဘာ့ဆရာများနေ့ ကျင်းပရခြင်းရဲ့ အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ (UNESCO) 'ကုလသမဂ္ဂပညာရေးသိပ္ပံနဲ့ ယဉ်ကျေးမှုအဖွဲ့ချုပ်ဟာ ဆရာများရဲ့ ဂုဏ်သိက္ခာနှင့် (Tnestatus of Teacher) စပ်လျဉ်းပြီး ပထမ အသေးစိတ်ရေးဆွဲကာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် (I.L.O) နဲ့ ထပ်မံဆွေးနွေးပါတယ်။ ဆရာများရဲ့ ဂုဏ်သိက္ခာနှင့်စပ်လျဉ်းသည့် ထောက်ခံချက် (Recommendation Concering the Status of Teachers)ကို ရေးဆွဲပြုစုခဲ့ကြပါတယ်။ ယင်းထောက်ခံချက်ကို အစိုးရဆိုင်ရာအဖွဲ့များ၊ လူမှုရေး ဆိုင်ရာအသင်းအဖွဲ့များ တက်ရောက်တဲ့ အထူးညီလာခံကြီးသို့ တင်ပြခဲ့ရာ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာ ၅ ရက်ကို 'ကမ္ဘာ့ဆရာများနေ့' အဖြစ် သတ်မှတ်ခဲ့လို့ ယခုဆိုရင် အနှစ် ၆၀ ရှိပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၀၂ ကပြီး ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမှာ နိုင်ငံတော်အဆင့် ကျင်းပခဲ့လို့ (၂၄)ကြိမ် ရှိပြီဖြစ်ပါတယ်။ အရည်အသွေးမြင့်မားပြီး တည်တံ့ခိုင်မြဲတဲ့ ပညာရေးရည်မှန်းချက်နဲ့ အားလုံးအတွက် ရာသက်ပန် ပညာရေး အထူးရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိဖို့အတွက် ဆရာတွေသာ အဓိကကျတယ်ဆိုတဲ့ အချက်ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလက မွန်တီဗီဒီအိုမြို့မှာ ကျင်းပတဲ့ ၂၀၃၀ ပြည့်နှစ် ပညာရေးအတွက် နိုင်ငံတကာဆရာမများ Task Force ရဲ့ (၁၁)ကြိမ်မြောက် မူဝါဒနီးနှောဖလှယ်ပွဲက ကြေညာခဲ့ပါတယ်။ ဒီအချက်ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလက ဘရပ်ဆဲလ်မြို့မှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ပညာရေးအစည်းအဝေး(ဘရပ်ဆဲလ်)က ကြေညာချက်ကို အတည်ပြုထုတ်ပြန်ခဲ့ပါတယ်။

ကမ္ဘာ့ဆရာများနေ့ရဲ့ ရည်ရွယ်ချက်အတိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေရာဒေသအသီးသီးမှာ ပညာရည် တိုးတက်မြင့်မားအောင် ဆောင်ရွက်နေကြဆဲ ဆရာများရဲ့ စွမ်းအားကို နိုင်ငံတော်က အသိအမှတ်ပြုပြီး နိုင်ငံနဲ့အဝန်း ကမ္ဘာ့ဆရာများနေ့လို့ သတ်မှတ်ကာ ကမ္ဘာ့ဆရာများနေ့ကို ကျင်းပရခြင်းဖြစ်ပါတယ်။ ဆရာတွေကို လေးစားတန်ဖိုးထားတတ်တဲ့ တပည့်၊ ဆရာပီသသော ဆရာများရဲ့ စွမ်းအားနဲ့ ပညာဆီမီးထာဝရအလင်းတိုင်ကို ထိန်ထိန်ညီးအောင် ထွန်းညှိနိုင်ပါစေကြောင်း ဆုတောင်းရင်း ကမ္ဘာပေါ်ရှိ သန်းပေါင်း ၆၀ ကျော်ရှိသည့် ဆရာများကို လေးစားစွာ ဦးညွှတ်ဂုဏ်ပြုအပ်ပါတယ်။

'အောက်တိုဘာ ပဥ္စနေ့၊
ဆရာနေ့ဟု၊ မမေ့နိုင်ရာ၊
ကမ္ဘာသမိုင်း၊ ပျံ့လွှင်းမော်ကွန်း၊
နေလထွန်းသို့၊ ပြည့်ညွှန်းသတ်မှတ်၊
ရက်မြတ်မင်္ဂလာ၊ ချိန်အခါဝယ်၊
ဆရာ့ကျေးဇူး၊ မြတ်ထူးကို၊
ရည်ရှူးမြတ်နိုး၊ လက်စုံမိုး၍၊
ရှိခိုးကန်တော့ပါ၏၊ မြတ်ဆရာ။'

လှစိုးမိုး(စီမံကိန်း) ၂၀၀၂-မြတ်ဆရာသို့ ကန်တော့ပန်း။

**အေးအေးခိုင်(ပညာရေး)**



## အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်

**သရက် အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အခမ်းအနားမှူးသင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက သရက်ခရိုင်၊ ပြည်သူ့စာကြည့်တိုက်၊ Community Centre ခန်းမ၌ ကျင်းပရာ ပြန်/ဆက်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ဝါဝါလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အကြောင်း ပြောကြားပြီး သင်တန်းကို ဆက်လက်သင်ကြားပေးခဲ့သည်။ သင်တန်းတွင် အခမ်းအနားမှူးတစ်ဦး၏ တာဝန်များ၊ အရည်အချင်းများ၊ ဝတ်စားဆင်ယင်မှု၊ အသံအနေအထား၊ ကြိုတင်ပြင်ဆင်ရမည့် အချက်များ၊ သုံးနှုန်းရမည့် စကားလုံးများကို စာတွေ့လက်တွေ့အဖြစ် သင်ကြားရာတွင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်တို့က ပို့ချပေးခဲ့ကြသည်။

ထို့နောက် သင်တန်းတက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများက ပြည်သူ့စာကြည့်တိုက်မှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များအား ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

**ဇော်ထက်(သရက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မဇ္ဈလေး

## မြတ်ဆရာ

\- - - - - - -

* နာသုံးနာအား လက်ကိုင်ထား၍
ကျောင်းသားလူငယ် နိုင်ငံ့ကြယ်ကို
တင့်တယ်ထွန်းတောက် မိုးယံရောက်ဖို့
မှတ်ကျောက်တင်ပေး တပည့်ရေးတွက်
မျှော်တွေးသင်ပြ ပညာရရန်
ဝေဖြန့်ဖြူး များထက်ထူးအောင်
ဖော်ကြူးပေးတာ မြတ်ဆရာ ။

* တပည့်မရှား သို့သော်ငြားလည်း
တစ်ပြားမရှိ စားပီတိနှင့်
မြတ်သည့်ပညာ အဖြာဖြာကို
ရင်းချာရင်သွေး နို့ချိုကျွေးသို့
ပေးဝေသုတ စာရိတ္တနှင့်
မိတ္တစုံလင် မှားမှန်မြင်အောင်
သွန်သင်ပေးတာ မြတ်ဆရာ ။

* တပည့်များအား ရင်ဝယ်သားသို့
ပေးထားမေတ္တာ စေတနာနှင့်
ပညာရဲရင့် ပွဲလယ်တင့်အောင်
တွန်းပင့်ပို့ဆောင် ထွန်းတောက်ပြောင်သည့်
လင်းရောင်ခြည်သမ်း ရွှေရောင်လမ်းသို့
လျှောက်လှမ်းနိုင်ရန် အားကြိုးမာန်တက်
သင်အံ့ပေးတာ မြတ်ဆရာ ။ ။

**အောင်မျိုးမြတ်(မဇ္ဈလေး)**

## လူငယ်တွေစာဖတ်ကြပါ ဆောင်းပါးဖြင့် စာဖတ်ဝိုင်း ကျင်းပ

**ကလော အောက်တိုဘာ ၁**

လူငယ်များအနေဖြင့် စာဖတ်ခြင်းမှတစ်ဆင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်စာရေးဆရာအသင်းနှင့် ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်း၍ ဒို့ကျေးရွာဂျာနယ် အတွဲ(၂၃)၊ အမှတ်(၁၈) စာစောင်ပါ ဒေါက်တာသန်းထွန်း ရေးသားသည့် လူငယ်တွေစာဖတ်ကြပါ ဆောင်းပါးဖြင့် စာဖတ်ဝိုင်းကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ကလောမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခွန်အာကာထွန်းက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကိုကိုကြီး(သက်မောင်ကလော)က လူငယ်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ စမတ်ဖုန်းဖြင့် အကျိုးရှိစွာ စာဖတ်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးပြီး မြို့နယ်စာရေးဆရာအသင်းဝင်များနှင့် ကျောင်းသား၊ကျောင်းသူများက ဒေါက်တာသန်းထွန်း ရေးသားထားသည့် လူငယ်တွေစာဖတ်ကြပါ ဆောင်းပါးကို မိမိတို့ ဖတ်ရှုထားသည် အလိုက် သိရှိလာသည့် အသိပညာများကို အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**တောင်တွင်းကြီး အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်/ဆက်ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က အလုပ်ရှင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာမူများ၊ ကလေးအလုပ်သမားပပျောက်ရေး၊ ရည်မှန်းချက်(၃)ရပ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေမှ ကလေးအလုပ်သမားများ၏ အသက်အရွယ် စသည့် အကြောင်းအရာများကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသုနိုးမြေ)**

## စာကြည့်တိုက် လှုပ်ရှားမှုစာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**မင်းဘူး အောက်တိုဘာ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်စွမ်းရည်မြှင့်တင်ရေးနှင့် စာကြည့်တိုက်အသုံးပြုမှု ရင်းနှီးကျွမ်းဝင်စေရေးတို့အတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အခြေခံပညာကျောင်းများမှ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအား တစ်ကျောင်းလျှင် ကျောင်းသား ၂၅ ဦးစီနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမများအား ဖိတ်ခေါ်၍ သုတ၊ ရသစာအုပ်များ ဖတ်ကြား၍ စာအုပ်ထဲတွင်ပါဝင်သော ဇာတ်ကောင်လေးများကို သရုပ်ဖော်ခြင်း၊ မိမိကြိုက်နှစ်သက်ရာ စာအုပ်နှစ်အုပ်ကို အဖွဲ့လိုက်ဖတ်ရှုပြီး တစ်ဖွဲ့ချင်း ဗဟုသုတ ဖလှယ်ခြင်း၊ စာကြည့်တိုက် အသုံးပြုမှုနှင့် ရင်းနှီးကျွမ်းဝင်စေရန် သတ်မှတ်ပေးထားသော စာအုပ်အမည်ကို Call No ဖြင့် စာအုပ်များထုတ်ယူခြင်း၊ ရရှိလာသော စာအုပ်ကိုဖတ်ရှု၍ အဖွဲ့လိုက် ဗဟုသုတမျှဝေခြင်း၊ ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုစေခြင်း၊ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခြင်း၊ တိရစ္ဆာန်ပုံများပြုလုပ်ခြင်း၊ လူပုဂ္ဂိုလ်များ၊ နေရာများ၊ သဘာဝပတ်ဝန်းကျင်ရှိအရာများ၊ အဆောက်အဦးများ၏ အမည်များဖြင့် ဇာတ်လမ်းများဖန်တီးခြင်းနှင့် လက်မှုပညာပြုလုပ်စေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

စာကြည့်တိုက်လှုပ်ရှားမှု စာဖတ်စွမ်းရည်မြှင့်တင်ရေးအစီအစဉ်များကို မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ လစဉ် အင်္ဂါနေ့တိုင်း တစ်လလျှင် လေးကြိမ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(၅၀၄)**

စာအုပ် ၊ စာပေ
လူ့မိတ်ဆွေ ॥






## စက်တင်ဘာလအတွက် စပိန်လာလီဂါ အကောင်းဆုံးနည်းပြဆုကို ဟန်ဆီဖလစ်ခ် ဆွတ်ခူး

**ဘာစီလိုနာ အောက်တိုဘာ ၁**

စပိန်လာလီဂါမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် စက်တင်ဘာလအတွက် တစ်လတာ အကောင်းဆုံးနည်းပြဆုကို ဘာစီလိုနာအသင်းနည်းပြ ဟန်ဆီဖလစ်ခ်က ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။

အဆိုပါ နည်းပြသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဘာစီလိုနာအသင်းကို စပိန်လာလီဂါပွဲစဉ် ငါးပွဲ ကိုင်တွယ်ပြီး ရာနှုန်းပြည့် နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နည်းပြ ဟန်ဆီဖလစ်ခ်သည် ဘာစီလိုနာအသင်းကို ၂၀၂၄ခုနှစ် မေ ၂၉ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၂၅ ပွဲတွင် ၉၆ ပွဲနိုင်၊ ၁၀ ပွဲ သရေ၊ ၁၉ ပွဲ ရှုံးရလဒ်ပိုင်ဆိုင်ခဲ့သည်။**(အောက်ပုံ)**

အသက်(၆၁)နှစ်အရွယ်ရှိ ဟန်ဆီဖလစ်ခ်က "ကျွန်တော် အခုလို တစ်လတာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ယခုနှစ် ဘောလုံးရာသီမှာလည်း အသင်းနှင့်အတူ ဆုဖလားတွေ ရယူသွားမှာပါ"ဟု ပြောသည်။ **(NGB)**



## အမေရိကန်အသင်း၏ အသက်အငယ်ဆုံး ဂိုးသွင်းသူအဖြစ် မားသိစ်အောလ်ဘတ် မှတ်တမ်းဝင်



**ဝါရှင်တန် အောက်တိုဘာ ၁**

တောင်ပံကစားသမား မားသိစ်အောလ်ဘတ် အသက်(၁၇)နှစ်သည် အမေရိကန်အသင်း၏ အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် အမေရိကန်အသင်းက ချီလီအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား မားသိစ်အောလ်ဘတ်သည် အမေရိကန်အသင်းနှင့်အတူ နှစ်ပွဲကစားပြီး တစ်ဂိုးသွင်းယူထားသည်။

မားသိစ်အောလ်ဘတ်က "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနှင့်အတူ အောင်မြင်မှုများစွာလည်း ရယူသွားမှာပါ"ဟု ပြောသည်။ **(ဝဲပုံ)** **(NGB)**

## ဗန်ဒိုက်ချ်ကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စိတ်ဝင်စား

**မက်ဒရစ် အောက်တိုဘာ ၁**

ရီးရဲလ်မက်ဒရစ်အသင်းသည် လီဗာပူးအသင်း နောက်ခံကစားသမား ဗန်ဒိုက်ချ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၈၀ ပွဲကစားပြီး ၃၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။



နောက်ခံကစားသမား ဗန်ဒိုက်ချ်ကိုယ်တိုင်ကလည်း လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သောကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။ **(ဝဲပုံ)**

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လီဗာပူးအသင်းထံမှ ဗန်ဒိုက်ချ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ဗန်ဒါဆန်ကို စာချုပ်သက်တမ်းတိုးရန် မိုနာကိုအသင်း စီစဉ်

**ပါရီ အောက်တိုဘာ ၁**

ပြင်သစ်လီဂူးကလပ် မိုနာကိုအသင်းသည် နောက်ခံကစားသမား ဗန်ဒါဆန်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။ **(အပေါ်ပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် မိုနာကိုအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဗန်ဒါဆန်သည် မိုနာကိုအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၄ ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မိုနာကိုအသင်း၏ ထုတ်ပြန်ချက်တွင် "ဗန်ဒါဆန်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**

## စမောလင်းကို ပေါ်တိုအသင်း ခေါ်ယူ

**လစ္စဘွန်း အောက်တိုဘာ ၁**

ပေါ်တိုအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် နောက်ခံကစားသမား စမောလင်းကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ပေါ်တိုအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီအကုန်ထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား စမောလင်းသည် ကစားသမားဘဝ တစ်လျှောက်တွင် ဖူလ်ဟမ်၊ မန်ယူ၊ ရိုးမား စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ပေါ်တိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၆)နှစ်အရွယ်ရှိ စမောလင်းအနေဖြင့် ပေါ်တိုအသင်းနှင့်အတူ ဆုဖလားများ သိမ်းပိုက်သွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**




## ဘောလုံးသတင်းအတိုအထွာများ

* စပိန်လက်ရွေးစင်အသင်းသည် ပွဲ ၄၀ ဆက်တိုက် ရှုံးပွဲမရှိသည့် ပထမဆုံး အမျိုးသားလက်ရွေးစင်အသင်းအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

* အာဆင်နယ်အသင်းသည် ကိုမိုအသင်း နောက်ခံကစားသမား ဂျာကိုဘီရာမွန်ကို လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ခေါ်ယူရန် စီစဉ်သွားမည်ဖြစ်သည်။ **(NGB)**

## အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းက ဘင်ဖီကာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရ



**မြူးနစ် အောက်တိုဘာ ၁**

ဥရောပ အမျိုးသမီး ချန်ပီယံလိဂ် အမှတ်ပေးလိဂ်အဆင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘင်ဖီကာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘိုင်ယန်မြူးနစ်အသင်းက ဘင်ဖီကာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၇၄မိနစ်တွင် ကာလာရာဘူဟီ၊ ပွဲချိန် မိနစ် ၈၀တွင် ပါနီးလ်၊ ပွဲချိန် ၈၉မိနစ်တွင် ကက်တ်တို့ အသီးသီးသွင်းယူပေးခဲ့ကြသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဥရောပ အမျိုးသမီး ချန်ပီယံလိဂ် အမှတ်ပေးလိဂ်အဆင့်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၉ရက်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ wei sijia တက်ရောက်



**ပေကျင်း အောက်တိုဘာ ၁**

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အိမ်ရှင်တရုတ်တင်းနစ်မယ် wei sijia တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင်တရုတ်တင်းနစ်မယ် wei sijia သည် 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်မယ် Fiona Ferro အား ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် တရုတ်တင်းနစ်မယ် wei sijia နှင့် ရုရှားတင်းနစ်မယ် Alexandra Shubladze တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

## ယူအီးအက်ဖ်အေနေးရှင်းလိဂ် (အုပ်စုအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
| --- | --- |
| ၂-၁၀-၂၀၂၆ ည ၈း၃၀ နာရီ | ကာဇက်စတန် - မော်လ်ဒိုဗာ |
| ၂-၁၀-၂၀၂၆ ည ၁၀း၃၀ နာရီ | လတ်ဗီးယား - မွန်တီနီဂရိုး |
| ။ | ဆိုက်ပရပ်စ် - အာမေးနီးယား |
| ၃-၁၀-၂၀၂၆ နံနက် ၀၁း၁၅ နာရီ | ဖာရိုးကျွန်းစု - ဆလိုဗက်ကီးယား |
| ။ | ပြင်သစ် - အီတလီ |
| ။ | ဘယ်လ်ဂျီယံ - တူရကီ |
| ။ | ယူကရိန်း - မြောက်အိုင်ယာလန် |
| ။ | ဟန်ဂေရီ - ဂျော်ဂျီယာ |
| ။ | ပိုလန် - ရိုမေးနီးယား |
| ။ | ဘော့စနီးယား - ဆွီဒင် |

## ဗီဖာအာရှဖလား (အုပ်စုအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
| --- | --- |
| ၂-၁၀-၂၀၂၆ မွန်းလွဲ ၃း၃၀ နာရီ | ထိုင်း - ဖိလစ်ပိုင် |
| ။ | ဗီယက်နမ် - ပါကစ္စတန် |

## နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် |
| --- | --- |
| ၂-၁၀-၂၀၂၆ ညနေ ၅း၃၀ နာရီ | တောင်ကိုရီးယား - ဗင်နီဇွဲလား |
| ၂-၁၀-၂၀၂၆ ညနေ ၆း၀၅ နာရီ | တရုတ် - ပါလက်စတိုင်း |

## (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**လားရှိုး အောက်တိုဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံး (လားရှိုး)ရှိ ရဲရန်အောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ ရဲချုပ်မှ ပေးပို့သောသဝဏ်လွှာအား ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (လားရှိုး)မှ ရဲမှူးကြီးနေမျိုးထွဋ်က ဖတ်ကြားခဲ့သည်။



ထို့နောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး၊ ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး)မှ ရဲမှူးကြီးနေမျိုးထွဋ်နှင့် တာဝန်ရှိသူများက မှုခင်းဖော်ထုတ်ဖမ်းဆီးရာတွင် ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip အား ပြသခဲ့ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကာ ပြသထားသည့် ပြခန်းအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

**လှမော်(ပြန်/ဆက်)**



## အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပ

**စစ်ကိုင်း အောက်တိုဘာ ၁**

၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့၊ ရွာထောင်ဘိုးဘွားရိပ်သာ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်ဇနီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အဘိုး၊ အဘွားများအား ကန်တော့ကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းနှင့်အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သွဲ့ဝေလွင်နှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက အဘိုး၊ အဘွားများအား အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် လှူဒါန်းမှုများအတွက် ကန်တော့ခံ အဘိုး၊ အဘွားများကိုယ်စား ရွာထောင်ဘိုးဘွားရိပ်သာဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြပ်မတ်မှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် ရွာထောင်ဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွား ၄၃ ဦး၊ ရှင်ချမ်းမေတ္တာရိပ် ဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွား ၁၀၁ ဦးတို့အား တစ်နေ့တာအာဟာရ ထမင်းကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

**ခရိုင်(ပြန်/ဆက်)**

## "လူငယ်တွေ စာဖတ်ကြပါ" ခေါင်းစဉ်ဖြင့် လူငယ်စာဖတ်ဝိုင်းကျင်းပ

**မိတ္ထီလာ အောက်တိုဘာ ၁**

မိတ္ထီလာမြို့နယ်၌ "လူငယ်တွေ စာဖတ်ကြပါ" ခေါင်းစဉ်ဖြင့် လူငယ်စာဖတ်ဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ စာဖတ်ဝိုင်းကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ မြင့်မားအောင်က လူငယ်စာဖတ်ဝိုင်း ကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် လူငယ်စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပရာ စက်တင်ဘာ ၁၅ ရက်ရက်စွဲဖြင့် ထုတ်ဝေသည့် အတွဲ(၂၃)၊ အမှတ်(၁၈) ဒို့ကျေးရွာဂျာနယ်မှ စာရေးဆရာ ဒေါက်တာသန်းထွန်း ရေးသားသည့် လူငယ်တွေစာဖတ်ကြပါဆောင်းပါးအား ကျောင်းသား၊ ကျောင်းသူများက အသီးသီး ဆွေးနွေးခဲ့ကြသည်။



အဆိုပါ လူငယ်စာဖတ်ဝိုင်းကို မိတ္ထီလာ၊ မလှိုင်မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ဓာတ်ပုံ)(၄၆၉)**

ရေနုတ်မြောင်းများသည် အမှိုက်စွန့်ပစ်ရန် နေရာမဟုတ်ပါ။

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ပြင်ဦးလွင် အောက်တိုဘာ ၁**

ပြင်ဦးလွင်မြို့နယ်၌ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်၏ ဦးဆောင်မှုဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်အတွင်း လူစည်ကားရာ နေရာများတွင် ဆောင်ရွက်ခဲ့သည်။



အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြင်ဦးလွင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းကိုကို ဦးဆောင်၍ အသံချဲ့စက်များဖြင့် အသိပေးနှိုးဆော်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ဓာတ်ပုံ)ခရိုင်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၁**

